ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-2-2004) (၄၁၅၀)

ဓမ္မစရိယာ စ
တံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်
ခေါင်ရေ
၁၉၇၃၇၇

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

မြန်မာ နိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရေကြောင်း ပညာတက္ကသိုလ်တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သန်လျင်–ကျောက်တန်းဒေသ ရှေးဟောင်းယဉ်ကျေးမှုဖော်ထုတ်သည့်လုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာအနီး ကျိုက်အင်း ဂဝံကုန်းတူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂဝံယဉ်ကျေးမှုဖြစ်ထွန်းခဲ့သည့် အထောက်အထားများကို ရှာဖွေဖော်ထုတ်ပြီး သုတေသနပြုမှတ်တမ်းတင်နိုင်ရန်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ရေကြောင်းပညာ
တက္ကသိုလ်

သန်လျင်မြို့နယ် သန်လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးဇုန်၌ ပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ပခုက္ကူမြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ တစ်မျိုးသားလုံး လိုအပ်ချက်အပေါ် ဖြည့်ဆည်းနိုင်မှု အခြေအနေ၊ အဓိက ကုန်ကြမ်းလိုအပ်ချက်၊ ချည်မျှင်ရှည် ဝါဂွမ်း လိုအပ်ချက်နှင့် တစ်ပြည်လုံး ဝါစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မိမိဝန်ကြီးဌာန အစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါရရှိအောင် ဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံ၌ အဓိက တပ်ဆင်မည့် စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်၊ ရေရရှိအောင် ဆောင်ရွက်ထားမှု၊ စက်ပစ္စည်းများ သင်္ဘောတင်ပို့ရောက်ရှိမှုနှင့်တပ်ဆင်မှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စောပြီးရန်ကြိုးပမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းကို သတ်မှတ်ကာလထက် စောပြီးရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ကုန်ကြမ်း လုံလောက်စွာ ရရှိအောင်ဆောင်ရွက်ရေး၊ မီးဘေးကိုတင်ကာကွယ်ရေးစနစ် ထည့်သွင်းစီမံ ဆောင်ရွက်ရေးနှင့် မီးပွိုင့် နေရာအလိုက်ထားရှိရေးများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ စက်ရုံ၌ တပ်ဆင်မည့် အလိုအလျောက်လွှန်းပြောင်း ရက်ကန်းစက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းအဆင့်ဆင့်

ထို့နောက် စီမံကိန်းဒါရိုက်တာ ဦးမြင့်သိန်းဦးက ဝါဂွမ်းချည်မျှင်နှင့် အထည်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ရန်ကုန်မြို့တော် သာယာလှပတင့်တယ်ရေး အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များ ညှိနှိုင်းဆောင်ရွက်

၁၈–၂–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

ရန်ကုန်မြို့တော်သည် စီးပွားကုန်သွယ်မှုလုပ်ငန်းများ၏ ဗဟိုအချက်အချာဒေသဖြစ်ပြီး လူဦးရေထူထပ်စွာ နေထိုင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်နိုင်ရေး၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အပါအဝင် အများပြည်သူအကျိုးဖြစ်ထွန်းစေမည့် ရည်ရွယ်ချက်များဖြင့် မြို့တော်အိမ်ရာစီမံကိန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီးကို တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော် ရှိပြီဖြစ်ရာ သက်တမ်းကြာရှည်ဟောင်းနွမ်းပျက်စီးပြီး အများပြည်သူအတွက် အန္တရာယ်ဖြစ်စေမည့် အဆောက်အအုံများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်မွမ်းမံ တည်ဆောက်လျက်ရှိသည်။ မြို့ပြစီမံကိန်းများနှင့်အညီ အဆင့်အတန်းမီ တိုက်တာအဆောက်အအုံများတည်ဆောက်နိုင်ရေး၊ မြို့ကွက် စနစ်ကျနပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရေးတို့အတွက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီက မြို့တော်ကြီး၏ အပိုင်းလိုက် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး (၁/၂၀၀၄)ကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့တော်အိမ်ရာ စီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌက အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် **မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေး၊ စံချိန်စံညွှန်း ကိုက်ညီရေး၊ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ပြီးစီးစေရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များ စနစ်တကျ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း** ပြောကြားခဲ့သည်။

ယခုအခါ ရန်ကုန်မြို့တော်အတွင်း ဒေသအလိုက် တင့်တယ်လိုက်ဖက်သည့် အဆင့်မြင့်အိမ်ရာ အဆောက်အအုံများ ပေါ်ထွန်းလာစေရန် တည်ဆောက်လျက်ရှိသည်။ အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စွာ ဖွံ့ဖြိုးတိုးတက် လာစေရေး တည်ဆောက်ခြင်းများနှင့်အတူ တိုင်းရင်းသားအိမ်ရာဆောက်လုပ်ရေး လုပ်ငန်းရှင်များလည်း သင့်တင့်မျှတသည့် အကျိုးဖြစ်ထွန်းမှုရရှိစေရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများတွင် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်သည်ဖြစ်ရာ အဆောက်အအုံများ တည်ဆောက်ရာ၌ သပ်ရပ်လှပခိုင်ခံ့ရေး၊ စံချိန်စံညွှန်း ကိုက်ညီရေးတို့အတွက် အထူးအလေးပေး တည်ဆောက်ကြရန် လိုအပ်သည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်မှုကော်မတီအနေဖြင့် မြို့တော်အတွင်းရှိ အဓိကလမ်းမကြီးများ၊ အချက်အချာကျသည့် လမ်းမကြီးများကို အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ညီညာကျယ်ပြန့်သည့် လမ်းမကြီးများတစ်လျှောက် စိမ်းလန်းစိုပြည်လှပရေးနှင့် လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်း၊ အဝိုင်းကြီးများ၊ လမ်းလယ်ကျွန်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးဝန်းကျင်ဒေသကို မြို့တော်နေပြည်သူများ အပန်းဖြေနားနေရာ အဆင့်မြင့်ဥယျာဉ်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် မွမ်းမံတည်ဆောက်လျက်ရှိသည်။ အလားတူ အင်းလျားကန်ကြီးတွင်လည်း သာယာလှပသည့် ကန်ပေါင်များဆည်ဖို့ တည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့တော်ကြီးသည် စိမ်းလန်းစိုပြည်သာယာသည့် ဥယျာဉ်မြို့တော်ကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းများနှင့်အတူ အပန်းဖြေဥယျာဉ်ကြီးများ၊ ပန်းခြံများဖြင့် လှပတင့်တယ်လျက်ရှိကြောင်း တွေ့မြင်နေရပြီဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော် အင်္ဂါရပ်များနှင့်အညီ သာယာလှပတင့်တယ်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များအားလုံးက နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေး၊ မြို့တော်အိမ်ရာ စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးတို့အတွက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

သံအမတ်ကြီး ဦးစိုးမြင့် သံအမတ်ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစိုးမြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၉ရက်တွင် ကိုင်ရိုမြို့၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဟိုစ်နီမူဘာရက်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

အငယ်တန်းသတင်းထောက် ရာထူး ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် လစာနှုန်း ကျပ် (၅၄၀၀–၁၀၀–၅၉၀၀)ရာထူး လေးနေရာ၌ ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ်(၂၂/၃၀)ရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အဆောက်အအုံ (အပေါ်ဆုံးထပ်)၌ ကျင်းပမည်ဖြစ်သည်။

ဖြေဆိုရမည့် အစီအစဉ်မှာ ၂၀၀၄ ခုနှစ် မတ် ၆ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အင်္ဂလိပ်စာ၊ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ(ပြည်တွင်း၊ ပြည်ပ) ဘာသာရပ်များဖြစ်သည်။

လျှောက်ထားသူ(အမျိုးသားသာ)များအနက် ဖြေဆိုခွင့်ရရှိသူများထံ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်၍ ဖြေဆိုမည့်သူများသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မန်နေဂျာ (သတင်းဌာန) ဖုန်း–၂၈၄၆၂၁ သို့ ဆက်သွယ်သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

အီရတ်တွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေဆဲ အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများပြုလုပ်

ကြေးမုံ The Mirror
အီရတ် မြင်ကွင်း

ဖေဖော်ဝါရီ ၁၆ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းဘေးထောင်ထားသည့်ဗုံး ပေါက်ကွဲပြီးနောက် လုံခြုံရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆန့်ကျင်ဆန္ဒပြ

ဖေဖော်ဝါရီ၁၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်နှင့် အပေါင်းပါတို့၏ ဌာနချုပ်ရှေ့တွင် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များကို ဆန့်ကျင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြ

ဖေဖော်ဝါရီ ၁၅ ရက်က စပိန်နိုင်ငံ မဒရစ်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဖေဖော်ဝါရီ၁၅ ရက်က အီရတ်နိုင်ငံအား အမေရိကန်သိမ်းပိုက်ထားမှုကို ဆန့်ကျင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စောင့်ကြပ်

ဖေဖော်ဝါရီ ၁၅ ရက်က ဖော်လူဂျာမြို့သို့သွားသည့် အဝေးပြေးလမ်းမပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲ ဆန့်ကျင်ရေး နှစ်ပတ်လည်အထိမ်းအမှတ် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဆန္ဒပြ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၆

အီရတ်စစ်ပွဲ ကမ္ဘာတစ်ဝန်းဆန့်ကျင်ရေး နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့ ဖြစ်သည့် ဆစ်ဒနီမြို့တွင် တနင်္ဂနွေနေ့က ဆန္ဒပြခဲ့ကြသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်မှုအား ဆန့်ကျင်သည့်အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ မြို့ကြီး ၆၀၀ တို့တွင် လွန်ခဲ့သည့်နှစ်က လူသန်းနှင့်ချီ၍ ဆန္ဒပြခဲ့ကြသည်။

မကျေမနပ်ဖြစ်

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားမှုကို ဆက်လက်ဆန့်ကျင်မှုနှင့် အီရတ်နိုင်ငံအပေါ် လူအစုအပြုံလိုက်သေစေသည့် အဖျက်လက်နက်များနှင့် ပတ်သက်၍ အစိုးရက လိမ်လည်ပြောကြားမှုကို မကျေမနပ်ဖြစ်မှုများက အီရတ် စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများအား ပြန်လည်အားသစ်လောင်းစေမှုကို ဖြစ်စေခဲ့သည်။

မှသားသုံးစွပ်စွဲမှုကို အခြေခံပြုလုပ်ခဲ့သည့် အီရတ်စစ်ပွဲသည် ယနေ့ထက်တိုင် ဆက်လက်ဖြစ်ပွားနေခြင်းကို ဩစတြေးလျပြည်သူများက လွန်စွာစိုးရိမ်ပူပန်လျက်ရှိနေကြောင်း ဆန္ဒပြပွဲ စည်းရုံးလှုံ့ဆော်သူ ပစ်ဟင်မန်၏ ပြောကြားချက်ကို ဩစတြေးလျသတင်းဌာနက ဖော်ပြသည်။

ဆန္ဒပြ

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ ကျူးကျော်ဝင်ရောက်ခဲ့မှု နှစ်ပတ်လည်အခမ်းအနားအဖြစ် နိုင်ငံတကာဆန္ဒပြမှုတစ်ရပ်ကို မတ် ၂၀ ရက်တွင် ဆစ်ဒနီမြို့ ဟိုက်ပတ်၌ နေ့ဘက်တွင် ကျင်းပရန်စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မည်မဟုတ် အိမ်နီးချင်းနိုင်ငံများပြောဆို

ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက အီရတ်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုဟု တနင်္ဂနွေနေ့က အာမခံပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၏ အရှေ့အလယ်ပိုင်းဒေသအပေါ် ရိုက်ခတ်မှုကိုဆွေးနွေးရန်အီရတ်၊အီရန်၊ ဂျော်ဒန်၊ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယား၊ တူရကီနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် နိုင်ငံရေးအရ ဩဇာရှိသော အီဂျစ်နိုင်ငံခြားရေးဝန်ကြီးတို့ ကူဝိတ်အစည်းအဝေးသို့ တက်ရောက်ကြသည်။

ထိုအစည်းအဝေးသို့ အာရပ်အဖွဲ့ချုပ် ကိုယ်စားလှယ် တစ်ဦးအဖြစ် ဘာရိန်းနိုင်ငံလည်းတက်ရောက်သည်။

အီရတ်နိုင်ငံအား ပြည်ထောင်စုစနစ်ဖြင့်ပြန်လည်ဖွဲ့စည်းရေး အမေရိကန်၏ အစီအစဉ်က ဒေသတွင်း မတည်မငြိမ်ဖြစ်လာမည်ကို အစည်းအဝေးတက်ရောက်သည့် ဝန်ကြီးများက စိုးရိမ်နေကြသည်။

အင်တာနက်။

မီးငြိမ်းသတ်

ဖေဖော်ဝါရီ ၁၅ ရက်က ဘဂ္ဂဒက်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားတို့၏ တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသည့် အမေရိကန်စစ်ယာဉ်တစ်စီးကို မီးငြိမ်းသတ်နေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန်စစ်ယာဉ်တန်းကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမကြီးတစ်နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်သဖြင့် တနင်္ဂနွေနေ့က မော်တော်ယာဉ်တစ်စီး မီးလောင်ပြီး နိုင်ငံခြားသားသုံးဦး ဒဏ်ရာရသွားကြောင်း မျက်မြင် တွေ့ရှိသူများက ပြောဆိုသည်။

ထိမှန်

ဘဂ္ဂဒက်မြို့ အနောက်ဘက် အဝေးပြေးလမ်းမကြီးပေါ်တွင် အမေရိကန် အရပ်သားများနှင့် အရာရှိများ အသုံးပြုသည့် ကားနှစ်စီးနှင့် စစ်ဘက်ဟမ်းဗီးကားတစ်စီး ပါဝင်သည့် မော်တော်ယာဉ်တန်းကို ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်သည့်အတွက် ကားတစ်စီး ထိမှန်သွားသည်။

မျက်မြင်တွေ့ရှိသူများက သေနတ်သံများ ကြားရပြီးနောက် ထိမှန်သွားသော ကားအတွင်းမှ ဒဏ်ရာရသူသုံးဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဆွဲထုတ်နေသည်ကို မြင်တွေ့ရကြောင်း ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူများမှာ သေသည် ရှင်သည်ကို မျက်မြင်တွေ့ရှိသူများက မပြောနိုင်ပေ။

အဆိုပါကားမှာ မီးလောင်လျက်ရှိသည်ကိုတွေ့ရပြီး အမိုးတွင်လည်း ကျည်ဆန်ပေါက်များကို မြင်နေရသည်ဟု သိရသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၁၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရသည့် နေရာပြမြေပုံကိုတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အချိန်ကြာဦးမည်ဟု ဗြိတိန်ကိုယ်စားလှယ် ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးမှာ အချိန်များစွာကြာနိုင်ကြောင်း အီရတ်နိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် အမတ်တစ်ဦးက ပြောကြားလိုက်သည်။

ကုန်သွယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် ဘရိုင်ယင်ဝီလ်ဆန်က အီရတ်နိုင်ငံ လုံခြုံရေးကို မည်မျှကြာအောင် ဆောင်ရွက်ရမည်ကို မိမိမသိကြောင်းဖြင့် စကော့ရှပ်မြင်သံကြားအစီအစဉ်သို့ ပြောကြားလိုက်သည်။

ဆောင်ရွက်ရမည့်ကာလမှာ ရှည်လျားကြောင်းဖြင့် ၎င်းက ပြောကြားသည်။

အခြေခံအားဖြင့် အီရတ်ပြည်သူအများစုသည် ပုံမှန်တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်သွားရန် လိုလားကြကြောင်း၊ သို့သော် ယင်းသို့သောအခြေအနေကို ဆိုက်ရောက်စေရန် အချိန်အတိုင်းအတာမည်မျှ ကြာမည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားသည်။

အင်တာနက်။

လကမ္ဘာသို့ ဂြိုဟ်တုတစ်လုံး စေလွှတ်ရေး တရုတ်ပြည် အစီအစဉ်များ ရေးဆွဲထား

ဘီဂျင်း ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံသည် ၂၀၀၇ခုနှစ်တွင် လကိုဝန်းပတ်ပျံသန်းမည့် ဂြိုဟ်တုတစ်လုံး ပစ်လွှတ်နိုင်ရေးအတွက် အစီအစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုအစီအစဉ်သည် တရုတ်ယွမ်ငွေ ၁ဒသမ ၄ ဘီလျံ သို့မဟုတ် အမေရိကန်ဒေါ်လာ သန်း ၁၇၀ကုန်ကျမည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

လသို့ ဂြိုဟ်တုပစ်လွှတ်ရေးအစီအစဉ်တွင် အဆင့်သုံးဆင့်ပါဝင်သည်။ ပထမအဆင့်မှာ လကိုပတ်၍ ပျံသန်းမည့်ဂြိုဟ်တု ပစ်လွှတ်ရန်ဖြစ်ပြီး ဒုတိယအစီအစဉ်မှာ လူလိုက်ပါခြင်းမရှိသော လဆင်းယာဉ်စေလွှတ်ရန်ဖြစ်သည်။ ဒုတိယအစီအစဉ်ကို ၂၀၁၀ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်သည်။ တတိယအဆင့်အစီအစဉ်ကို ၂၀၂၀ခုနှစ်တွင် လသို့ လူလိုက်ပါခြင်းမရှိသော ယာဉ်ကိုစေလွှတ်ပြီး လကမ္ဘာ၏မြေသားနမူနာများကို စုဆောင်းရယူသွားမည်ဖြစ်ကြောင်း ဆန်လိုင်ယန်က ပြောကြားသည်။ ၎င်းသည် တရုတ်အမျိုးသား အာကာသစီမံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သည်။

ဒုတိယအဆင့်နှင့် တတိယအဆင့်အစီအစဉ်များကို သိပ္ပံပညာရှင်များက စိစစ်သုံးသပ်နေကြဆဲဖြစ်သည်။ ထို့နောက်တွင် သက်ဆိုင်ရာအာဏာပိုင်များထံ အတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နှင့်ပတ်သက်သည့် သတင်းကိစ္စ

လွတ်လပ်သော စုံစမ်းမှုပြုလုပ်ရန် ဩစတြေးလျဝန်ကြီးချုပ် ဖိအားပေးခံနေရ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၅

အီရတ်လက်နက်၏ ခြိမ်းခြောက်မှုသည် စစ်ဝင်တိုက်ရလောက်သော အခြေအနေ မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်ကို သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့ပြီးနောက်ပိုင်း ထောက်လှမ်းရေးသတင်းများနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ် ဆောင်ရွက်ရန် ဩစတြေးလျအတိုက်အခံလေဘာပါတီက အစိုးရကို တိုက်တွန်းပြောကြားလိုက်သည်။

ထုတ်လုပ်နိုင်စွမ်းရှိ

သီတင်းပတ်အကုန်တွင် ထုတ်ဝေခဲ့သော "သည်အေဂျ်" သတင်းစာတွင် ဩစတြေးလျထောက်လှမ်းရေးတာဝန်ရှိပုဂ္ဂိုလ်များက အီရတ်တွင် ဓာတု၊ ဇီဝလက်နက်များ အချိန်တိုအတွင်း ထုတ်လုပ်နိုင်စွမ်း ရှိလာနိုင်ကြောင်း ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်၏ အဖွဲ့သို့ ပြောကြားခဲ့သည်ဟုဖော်ပြခဲ့သည်။

ချဲ့ကားထား

ထို့အပြင် အဆိုပါ ပုဂ္ဂိုလ်က အမေရိကန်တို့ကြေညာခဲ့သော ရွှေ့ပြောင်းနိုင်သည့် ဇီဝလက်နက်ဆိုင်ရာဓာတ်ခွဲခန်းများကိစ္စနှင့်အီရတ်သည်အယ်ခိုင်ဒါအဖွဲ့နှင့်အဆက်အသွယ်ရှိသည်ဟူသောကိစ္စတို့နှင့်ပတ်သက်၍သတင်းစာအကဲဖြတ်ချက်များသည် ချဲ့ကားထားခြင်းဖြစ်ကြောင်း မစ္စတာဟောင်းဝပ်သို့အသိပေးထားခဲ့ကြောင်း ပြောကြားခဲ့သည်။

အစီရင်ခံ

အမေရိကန်၏ အရေးပါသည့် အပေါင်းပါတစ်ဦးဖြစ်သော ဟောင်းဝပ်အစိုးရအဖွဲ့က အမေရိကန်ကိုထောက်ခံသောအားဖြင့် တပ်ဖွဲ့ဝင် အင်အား ၂၀၀၀ ခန့်ကို အီရတ်သို့ စေလွှတ်ခဲ့ပြီး၊ အီရတ်တွင် ဖျက်အားပြင်းလက်နက်များရှိသည်ဟု ဗြိတိသျှထောက်လှမ်းရေးက အစီရင်ခံခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်အစိုးရတို့သည် အီရတ်ကို စစ်မတိုက်မီက ထောက်လှမ်းရေးသတင်းများမှားယွင်းကြောင်း ထုတ်ဖော်ပြောကြားချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ထားပြီးဖြစ်သည်။

အတိုက်အခံပါတီ၏ နိုင်ငံခြားရေးရာ ပြောခွင့်ရပုဂ္ဂိုလ် ကီဗင်ရဒ်က ဩစတြေးလျအနေဖြင့် ကျယ်ပြန့်ပြီး သီးခြားလွတ်လပ်သော စုံစမ်းမှုကို မလွှဲမရှောင်သာဘဲ ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ ***အင်တာနက်။***

မဒရစ်မြို့၌ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြ

အမေရိကန်က အီရတ်ကို သိမ်းပိုက်မှု အဆုံးသတ်ရန်တောင်းဆို

မဒရစ် ဖေဖော်ဝါရီ ၁၆

ထောင်ပေါင်းများစွာသော အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြသူများက စပိန်နိုင်ငံ မြို့တော်မဒရစ်၏ လမ်းမများပေါ်သို့ စုရုံးရောက်ရှိလာကာ အီရတ်နိုင်ငံသို့ စေလွှတ်ထားသည့် စပိန်တပ်ဖွဲ့ဝင်များအား အစိုးရက ပြန်လည်ရုပ်သိမ်းပေးရန်နှင့် အီရတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စုက သိမ်းပိုက်ထားမှု အဆုံးသတ်ရေးအတွက် တောင်းဆိုကြသည်။

ဆက်လက်တည်ရှိ

စပိန်နိုင်ငံ၏ လက်ရှိလက်ယာအစွန်းရောက်ပါတီက ပြည်သူလူထု၏ သဘောထားဆန္ဒကို သွေဖည်ကာ အီရတ်နိုင်ငံအား အမေရိကန်ကျူးကျော်မှုကို ထောက်ခံခဲ့ပြီး နောက်တစ်နှစ်အတွင်း အီရတ်စစ်ပွဲသည် စပိန်နိုင်ငံတွင်အငြင်းပွားစရာ ပြဿနာအဖြစ် ဆက်လက်တည်ရှိနေသည်။

အနည်းငယ်ရှိ

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ခဲ့စဉ် လွန်ခဲ့သည့်နှစ်က လူသန်းချီ၍ ဆန္ဒပြခဲ့သည်။ သို့ရာတွင် ယခုဆန္ဒပြကြရာတွင် ဆန္ဒပြသူဦးရေအနည်းငယ်သာရှိသည်။ ဆန္ဒပြသူများက မဒရစ်တွင် ဆန္ဒပြသူဦးရေ ၁၅၀၀၀၀ အထိ ရှိကြောင်း ပြောကြားသော်လည်း အာဏာပိုင်များက ဆန္ဒပြသူဦးရေ ၉၀၀၀ သာရှိကြောင်း ပြောကြားသည်ဟု ယူရိုပါသတင်းဌာနကဖော်ပြသည်။

ဘာစီလိုနာမြို့တွင်ဆန္ဒပြသူ ၂၀၀၀၀ ရှိသည်ဟု ဆန္ဒပြစည်းရုံးလှုံ့ဆော်သူများက ပြောကြားသည်။ တာဝန်ရှိပုဂ္ဂိုလ်များက ဆန္ဒပြသူ ၄၀၀၀သာ ရှိကြောင်း ထုတ်ဖော် ပြောကြားသည်။

ယုဉ်ပြိုင်

အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့များအနေဖြင့် ကုလသမဂ္ဂအခွင့်အာဏာ မရရှိပါက စပိန်တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် ဝန်ကြီးချုပ်အဖြစ် ယှဉ်ပြိုင်မည့်ဆိုရှယ်လစ်ပါတီမှ ဇာပါတာရိုကကတိကဝတ်ပြုပြောကြားလိုက်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆန္ဒပြ

ဖေဖော်ဝါရီ ၁၅ ရက်က စပိန်နိုင်ငံ မဒရစ်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြသည်ကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ တိုက်ခိုက်မှုများဖြစ်ပွား လူသုံးဦးသေဆုံး

ကဘူး ဖေဖော်ဝါရီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။ ဂါဇာနီမြို့အနီးတွင် မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့်အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကာ အခြားကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

နိုင်ငံအရှေ့ပိုင်း ဟို့စ်ပြည်နယ်ရှိ ရဲစခန်းတစ်ခုတွင် အဝေးထိန်းဗုံးဖောက်ခွဲမှုကြောင့် လူနှစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း အာဖဂန်စစ်ဘက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနကဖော်ပြသည်။ ***စီအင်န်အင်န်။***

ဗုံးပေါက်ကွဲရာနေရာကိုကြည့်ရှု

ဖေဖော်ဝါရီ ၁၆ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ကျောင်းဝင်းအတွင်း ဗုံးပေါက်ကွဲရာနေရာကို ကြည့်ရှုနေသည့် အီရတ်ကလေးငယ်တစ်ဦးအားတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘီဘီစီကို ဖြိုခွဲရန် ဗြိတိန်အစိုးရ စဉ်းစားနေ

လန်ဒန် ဖေဖော်ဝါရီ ၁၄

ဗြိတိန်အစိုးရက ဘီဘီစီကို ဖြိုခွဲပြီး ယင်း၏လွတ်လပ်သော ဂုဏ်အဆင့်အတန်းကိုပါ ခွဲထုတ်ပစ်ရန် ချင့်ချိန်စဉ်းစားလျက်ရှိကြောင်း ဗြိတိန်နိုင်ငံထုတ် ဆန်းဒေးတိုင်း(မ်)သတင်းစာက ရေးသားလိုက်သည်။

ထိပ်တန်းမြို့ပြဝန်ထမ်းများရေးသားသည့် အစိုးရစာတမ်းများတွင် ဘီဘီစီကို အင်္ဂလန်၊ စကော့တလန်၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့အတွက်သီးခြားရပ်တည်သော ဒေသဆိုင်ရာဌာနများအဖြစ် ခွဲပစ်ရန် အဆိုပြုထားကြောင်း ဆန်းဒေးတိုင်း(မ်) သတင်းစာကဖော်ပြထားသည်။

ထို့ပြင်ဘီဘီစီ၏ သမာသမတ်ကျမှု ထိန်းသိမ်းရေးတာဝန်ကိုလည်း ဘီဘီစီအုပ်ချုပ်ရေးအဖွဲ့ထံမှ ရုပ်သိမ်းရန် ထိုစာတမ်းများတွင် အဆိုပြုတင်ပြထားသည်။

စဉ်းစားထားသော အစီအစဉ်များတွင် ပြည်သူ့ဝန်ဆောင်မှုဟူ၍ မယူဆသည့် ဘီဘီစီ၏ ထွက်ပေါက်များကို ပိတ်ပစ်ရေး၊ ဘီဘီစီ သတင်းအချက်အလက်များကို ပိုမိုထိန်းချုပ်ရန် အစိုးရ၏ မီဒီယာ စောင့်ကြည့် လေ့လာရေးအဖွဲ့ထားရှိရေးတို့ ပါဝင်သည်ဟု ဖော်ပြထားသည်။ ***အင်တာနက်။***

တရုတ်နှင့်ဘရာဇီးပူးတွဲထုတ်လုပ်သည့် ဒုတိယမြောက်ဂြိုဟ်တုအောင်မြင်စွာလွှတ်တင်

ပေကျင်း ဖေဖော်ဝါရီ ၁၅

တရုတ်ပြည်နှင့် ဘရာဇီးနိုင်ငံတို့ ပူးတွဲထုတ်လုပ်သည့် ဒုတိယမြောက်ဂြိုဟ်တုတစ်လုံးသည် ပြီးခဲ့သည့် ကြာသပတေးနေ့က လုပ်ငန်းစတင်လည်ပတ်ခဲ့ကြောင်း သိရသည်။ ယင်းဂြိုဟ်တုကို လွန်ခဲ့သည့် အောက်တိုဘာလက တရုတ်နိုင်ငံမြောက်ပိုင်း တိုက်ယွမ်ဂြိုဟ်တုစခန်းမှ ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂြိုဟ်တုလေးလုံး တည်ဆောက်မည်ဖြစ်ကာ မြေသယံဇာတနှင့် ရေသယံဇာတများကို လေ့လာမှတ်တမ်းပြုစုမြေပုံ ရေးဆွဲရာတွင် အသုံးပြုမည်ဖြစ်သည်။

တရုတ်ပြည်နှင့် ဘရာဇီးနိုင်ငံတို့ သဘောတူညီချက်အရ ဂြိုဟ်တုမှ စူးစမ်းရရှိသည့် အချက်အလက်များကို အခြားနိုင်ငံသို့ ရောင်းချခွင့်ရှိမည်ဖြစ်သည်။ တောင်အမေရိက နိုင်ငံများနှင့် အာရှ၊ပစိဖိတ်ဒေသနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းထားကြကြောင်း စီစီတီဗွီ သတင်းဌာနကဖော်ပြသည်။ ***စီစီတီဗွီ။***

ဆုတောင်းပြည့်စေတီ အုတ်မြစ်စီမင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

တိုက်ကြီးမြို့ ဖူးကြီးရေလှောင်ကန် အနီး ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်း ရှေးဟောင်း စကြာရှင် ဆုတောင်းပြည့် ဇမ္ဗူအေး တစ်ဆယ့်တစ်မီးငြိမ်းစေတီ အုတ်မြစ်စီမင်္ဂလာ၊ ဆရာတော် စံကျောင်းရေစက်ချ အခမ်းအနား၊ မဟာဓမ္မသုခဗိမာန် အထွတ်ထီးတော်တင်မင်္ဂလာနှင့် ပန်းတစ်ပွင့်တောင် ဆရာတော် ဘဒ္ဒန္တပညာသာရအား သိက္ခာထပ် မင်္ဂလာအခမ်းအနားများကို (တပေါင်းလဆန်း ၃ရက်)၊ ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် မင်္ဂလာအချိန်တွင် ကျင်းပမည်ဖြစ်သဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများ နံနက် ၇နာရီအရောက် လာရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ပြိုးခြီချေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အစွမ်းထက် အသုံးကြွယ် ငရုတ်ကောင်းဆေးမည်များ

တင်ထွန်း (အစိုးရတိုင်းရင်းဆေး)

ငရုတ်ကောင်းသည် မိသားစု၊ အိမ်ထောင်စုတိုင်း၏ နေ့စဉ် စားသောက်မှုစီမံရာ မီးဖိုချောင်တွင် အစဉ်အမြဲလိုလို ရှိနေတတ်သော လူသုံးများသည့် ဟင်းခတ်ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ငရုတ်ကောင်းကို ဟင်းချို၊ ဆန်ပြုတ်၊ မုန့်ဟင်းခါးဟင်းရည်၊ ခေါက်ဆွဲပြုတ်၊ ကြေးအိုးစသည့် အာရှတိုက်သားများ၏ ရိုးရာအစားအစာများတွင် ဟင်းခတ်ပစ္စည်းအဖြစ် အသုံးပြုကြပါသည်။ "နွယ်မြက်သစ်ပင်ဆေးဖက်ဝင်"ဆိုသည့် စကားနှင့်အညီ အပင်တိုင်း ဆေးဖက်အဖြစ် အသုံးဝင်ပြီး ယင်းဆေးဖက်ဝင်အပင်များအနက် ငှက်ဖျား၊ ဆီးချို သွေးချို၊ အဆုတ်၊ သွေးတိုး၊ ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ဟူသည့် အဓိကရောဂါကြီး ခြောက်မျိုးအတွက်လည်းကောင်း၊ အခြားရောဂါများအတွက်လည်းကောင်း ခေတ်မီဓာတ်ခွဲစမ်းသပ်နည်းစနစ်ဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက စနစ်တကျ သုတေသနပြု မှတ်တမ်းတင်ဆောင်ရွက်ခဲ့သော မြန်မာ့တိုင်းရင်းဆေးပင်များတွင် ငရုတ်ကောင်းလည်း အပါအဝင်ဖြစ်ပါသည်။

ငရုတ်ကောင်း၏ ရုက္ခဗေဒအမည်မှာ "Piper nigrum Linn" ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Black Pepper ဟူ၍ဖြစ်သည်။ ငရုတ်ကောင်းပင်သည် အင်ဒိုနီးရှားကျွန်းစု၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် ပေါက်ရောက်ပြီး မြန်မာနိုင်ငံတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အများအားဖြင့်စိုက်ပျိုးပါသည်။ ငရုတ်ကောင်းပင်များကို ပူအိုက်စွတ်စို၍ မိုးရေချိန် အနည်းဆုံး လက်မ ၇၀နှင့် လက်မ ၁၀၀အတွင်းရှိသော အရပ်ဒေသများ၌ စိုက်ပျိုးပြီး ပေ ၁၇၀၀အမြင့်ရှိ အရပ်ဒေသများ၌ စိုက်ပျိုးနိုင်သော်လည်း ပေ ၃၀၀ အောက်ဒေသများတွင်ပိုမိုဖြစ်ထွန်းပါသည်။ ငရုတ်ကောင်းပင်ကို အကိုင်းမှဖြစ်စေ၊ အစေ့မှဖြစ်စေ မျိုးပွားစိုက်ပျိုးနိုင်ပြီး အသီးများကို သုံးနှစ်သားကျော်လျှင် စတင်စုဆောင်းရယူနိုင်၍ အပင်၏သက်တမ်းမှာ ၁၂နှစ်မှ နှစ်၂၀၊ ၂၅နှစ်မှ နှစ်၃၀ထိ ရှိနိုင်ပါသည်။ ငရုတ်ကောင်းတွင် ငရုတ်ကောင်း အနက်နှင့် ငရုတ်ကောင်းအဖြူ (အခွံချွတ်ထားသည့် ငရုတ်ကောင်းအမှည့်) ဟူ၍ နှစ်မျိုးရှိရာ အစိမ်းတစ်ပိဿာအခြောက်လှန်းလျှင် ငရုတ်ကောင်းအနက် ၃၆ ကျပ်သား(သို့မဟုတ်)ငရုတ်ကောင်းဖြူ ၂၄ ကျပ်သား ထွက်ရှိပါသည်။

ငရုတ်ကောင်း၏ အစေ့ကိုလှော်၍ ကြေညက်အောင်ထောင်းပြီး ရရှိသော အမှုန့်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုသည့်အပြင် ဆေးဖက်ဝင်ပစ္စည်းအဖြစ်လည်း အရေးပါ အသုံးဝင်လှပါသည်။ ငရုတ်ကောင်း၏ အရသာနှင့်အကျိုးသွားမှာ ပူ၊ စပ်၊ ဆိမ့်၊ အနံ့စူးသဖြင့် တေဇော၊ ပထဝီ၊ အာကာသဓာတ်ဦးဆောင်နေပြီး ဝမ်းမီးကိုတောက်စေ၊ ထက်မြက်စေ၏။ သလိပ်၊ လေကိုပယ်တတ်၏။ သည်းခြေကိုဖြစ်စေပြီး သလိပ်ကိုနိုင်၏။ အဖျားနှင့် အစာအိမ်ရောဂါတို့ကို အကျိုးပြု၏။ ဆီးနှင့်ချွေးနံ့ကိုလည်း ပျောက်စေသည်။ လူကိုဝဖြိုးစေ၏။ ထူးကဲသော အစပ်သုံးပါး (တြိကဋုက်)တွင် တစ်ပါးအပါအဝင်ဖြစ်၏။

ငရုတ်ကောင်း၏ဆေးဖက်ဝင်ပုံများမှာ-

(၁) ငှက်ဖျားရောဂါအတွက် ဆေးခါးကြီးပြုတ်ရည် အကြမ်းပန်းကန် နှစ်လုံးပမာဏ (မတ်ခွက်တစ်ခွက် ပမာဏ)တွင် ငရုတ်ကောင်း ခုနစ်စေ့ထောင်းထုထည့်၍ တစ်ကြိမ်လျှင် အကြမ်းပန်းကန်တစ်လုံးပမာဏ သောက်ရန်ဖြစ်၏။

(၂) ဝမ်းပျက်ပါက ငရုတ်ကောင်း နှစ်ရွေးသား၊ ရှိန်းခိုတစ်ရွေးသား၊ ချင်း(ဂျင်း)တစ်ကျပ်သားတို့ကို အမှုန့်ပြု၍ တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားပမာဏဖြင့် သောက်ရန်ဖြစ်ပါသည်။

(၃) သလိပ်၊ ချောင်းဆိုးဖြစ်ပါက ငရုတ်ကောင်းတစ်ပဲသားကို အမှုန့်ပြုပြီး ပျားရည်နှင့် (လျက်ကောင်းသည့်အတိုင်းအတာအထိ) ဖျော်ပြီးလျက်ပါ။

(၄) နှာစေးပါက ငရုတ်ကောင်းကို အမှုန့်ပြု၍ ကြံသကာရည်နှင့် ရောစပ်သောက်ရန်ဖြစ်ပါသည်။

(၅) ခေါင်းတစ်ခြမ်းကိုက်ပါက ငရုတ်ကောင်းကို ထောပတ်နှင့်ကြိတ်၍ နား၌ကျပ်ပေးရန်ဖြစ်သည်။

(၆) ဆီးကျန်ရောဂါဖြစ်လျှင် ငရုတ်ကောင်းတစ်ကျပ်သား၊ မြင်းခွာရွက်ခြောက် နှစ်ကျပ်သား အမှုန့်ပြု၍ ပျားရည်နှင့်တေလျက် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့နှစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် ဆီးကင်း ပမာဏ စားသုံးရန်ဖြစ်သည်။

(၇) ငရုတ်ကောင်းကို တိုင်းရင်းဆေးခန်းသုံး ဆေးများဖြစ်သည့် သလိပ်ရောဂါအတွက် အသုံးပြုကြသော တိုင်းရင်းသားဆေးခန်းသုံး ဆေးအမှတ်(၁) သလိပ်ပုပ်ပျောက်ဆေး (သေမပုတိက)ဆေးနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၃) ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်ဆေး)တို့တွင်လည်းကောင်း၊ အအေးပတ်ဖွဲ့သော ရောဂါများအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၄) နာဂရာ(လေညှင်းကလာပ်ဆေး) တွင် လည်းကောင်း၊ အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော မီးတွင်းရောဂါ၊ မီးယပ်ရောဂါတို့အတွက်အသုံးပြုသောတိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၉) သဗ္ဗဇေယျဆေးစပ်ကြီးတွင်လည်းကောင်း၊ သူငယ်နာရောဂါများအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၃၄) သူငယ်နာမှတ်လေးစင်းကြီးဆေးတွင်လည်းကောင်း၊ အဖျားရောဂါများအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၃၈) ဇာပ္ပုရာဒီ မြင်းသေမြက်ကဲဆေးတွင်လည်းကောင်း၊ အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော မီးတွင်းရောဂါနှင့် လေငန်းရောဂါအတွက်အသုံးပြုသောတိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၄၀)ကျပ်တိုးဆေးတွင်လည်းကောင်း၊ ဝမ်းပျက်ခြင်းနှင့် အားအင်ကုန်ခန်းသောရောဂါများအတွက် အသုံးပြုသည့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၂) ဥဏှပထဝီဆေးတွင်လည်းကောင်း၊ အကြောလိမ်းဆေးဖြစ်သည့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၅)တွင်လည်းကောင်း ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုပါသည်။

(၈) ငရုတ်ကောင်းကို တိုင်းရင်းဆေးခန်းသုံး ဆေးများတွင်သာမက အပူဝင်၊ အပူငုပ်၊ ရေချိုးမှား၊ အစားမှား၊ အကျိတ်အဖုများ ကြေစေခြင်းတို့အတွက် အသုံးပြုသော "ခြောက်ပါးဆေး"၊ လေထိုးလေအောင့်ခြင်းအတွက် အသုံးပြုသော "ဆေးနက်ကျော်"၊ အစာမကြေလေနာ၊ အစာအိမ်ရောဂါ၊ အသည်းရောင်ရောဂါများအတွက် အသုံးပြုသော "သကြားကဲ အစာကြေဆေး"၊ မီးယပ်ပိန်၊ မီးယပ်ခြောက်နှင့် မီးယပ်သွေးအားနည်းရောဂါများအတွက် အသုံးပြုသော "သကြားကဲမီးယပ်ဆေး"၊ အဆုတ်နှင့် အဆစ်ရောင်ရောဂါများအတွက် အသုံးပြုသော "ကုမ္ဘဏ္ဍာချက်ဆေး"၊ ငှက်ဖျားအပါအဝင် ဖျားခြင်းတို့အတွက် အသုံးပြုသော "နန်းတွင်းငန်းဆေး"၊ သွက်ချာပါဒနှင့် လေငန်းရောဂါတို့အတွက် အသုံးပြုသော "သွက္ချာပါဒဆေး"နှင့် အနာမန်းရောဂါ၊ အဖုအကျိတ်၊ ထုံကျဉ်ကိုက်ခဲခြင်းတို့အတွက် အသုံးပြုသော "အဏုမြူမန်းဆေး" စသည်တို့တွင်လည်း ထည့်သွင်းဖော်စပ် အသုံးပြုပါသည်။

ငရုတ်ကောင်းနှင့်စပ်လျဉ်း၍ သုတေသနဆိုင်ရာ အချက်အလက်များမှာ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ နဝမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ (၂၀၀၀ပြည့်နှစ်)တွင် "ငရုတ်ကောင်းစေ့နှင့် သဘော်စေ့တို့၏ လက္ခဏာများ နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းတွင်လည်းကောင်း၊ "ငရုတ်ကောင်း၏ ဘက်တီးရီးယားပိုးများအပေါ် အစွမ်းအာနိသင်ရှိပုံ" ကို ပါရဂူဘွဲ့(ဓာတုဗေဒ)ကျမ်းပြုခြင်း (၂၀၀၂ခုနှစ် ရန်ကုန်တက္ကသိုလ်)တွင်လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကလည်း ငှက်ဖျားရောဂါကုသခြင်းအတွက် ထိရောက်သော ဒြပ်ပေါင်းမှ ငရုတ်ကောင်းစေ့ရှိ အယ်လ်ကာလွိုက် ဒြပ်ပေါင်းဖြစ်သည့် Piperineဒြပ်ပေါင်း ဖြစ်နိုင်ခြေရှိကြောင်းကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ် စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော "ဝမ်းပျက်ဝမ်းလျှော အပါအဝင် ရောဂါဖြစ်စေသော ဘက်တီးရီးယားပိုးများအား မွေးမြူ၍ တိုင်းရင်းဆေးပုံနှင့် ဆေးဖုံပါ ဆေးပင်အချို့၏ အာနိသင်ကို စမ်းသပ်လေ့လာခြင်း" စာတမ်းတွင် ငရုတ်ကောင်း၏ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ၊ ပြည်တည်နာနှင့် အူရောင်ငန်းဖျားရောဂါတို့ကို ဖြစ်ပေါ်စေသော ဘက်တီးရီးယားပိုးများအပေါ် အစွမ်းရှိကြောင်းကိုလည်းကောင်း အသီးသီး သုတေသနပြုချက်များ လေ့လာတွေ့ရှိခဲ့ပါကြောင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အထောက်အကူတစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၃ ရက်က လှိုင်သာယာမြို့နယ် အမက (၂၇) စတုတ္ထတန်း (က)မှ မဖြိုးဒါလီလင်းက မွေးနေ့ဒါနအဖြစ် ကျောင်းစာကြည့်တိုက်သို့ ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဦးစိန်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၄၉)

ယဉ်ကျေးမှုအခြေပြု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြို့ ပဏ္ဍိတာရာမ သာသနာ့ရိပ်သာတွင် နွေရာသီကျောင်းပိတ်ရက်ဖြစ်သော မတ် ၇ ရက်မှ ဧပြီ ၄ ရက်ထိ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ကျောင်းသား လူငယ်များ အနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုပါက ပဏ္ဍိတာရာမ (ရန်ကုန်) ဖုန်း ၅၃၅၄၄၈၊ ၇၀၅၅၂၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက် တောင်ငူမြို့တွင် ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားချက်ကို ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွန့်က ထပ်ဆင့်ရှင်းလင်းပွဲကို တောင်ငူခရိုင် ဥပဒေရုံး၌ ဖေဖော်ဝါရီ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ထို့အပြင် ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ အတွေ့အကြုံများကိုလည်း တိုင်းဥပဒေအရာရှိက ထပ်ဆင့်ရှင်းလင်းသည်။

ပဲခူးတိုင်းဥပဒေအရာရှိ၏ ထပ်ဆင့်ရှင်းလင်းခြင်းအပေါ် တက်ရောက်လာကြသော တောင်ငူခရိုင် ဥပဒေအရာရှိ ဦးစိုးလွင်နှင့် ခရိုင်အဆင့် ဥပဒေအရာရှိများ၊ တောင်ငူမြို့နယ် ဥပဒေအရာရှိ ဦးသိန်းဇော်နှင့် မြို့နယ်အဆင့် ဥပဒေအရာရှိများက လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ ဥပဒေရေးရာ၊ စီမံရေးရာများကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြသည်။ (က-ပ)

ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) က နှစ် (၅၀) ပြည့် (၁၉၅၄-၂၀၀၄) ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းကို ယနေ့စတင်ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းမဂ္ဂဇင်းတွင် စာရေးဆရာကြီးများ၏ ဆောင်းပါးများ၊ လက်တွေ့အသုံးချ သုတနှင့် ရသဆောင်းပါးများ၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ဆောင်းပါးများအပြင် ကာတွန်းကဏ္ဍစုံလင်စွာဖြင့် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါမဂ္ဂဇင်းကို ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) ဖုန်း-၂၉၁၆၆၇၊ အမှတ် (၃၇/၄၁)၊ လမ်း ၅၀ (အောက်)၊ ဗိုလ်တထောင်မြို့နယ် အတွင်းရေးမှူး ဦးကြည်သာစိုး(SSI)၊ ဖုန်း-၇၂၃၀၇၂၊ အခန်း ၁၂၊ အမှတ် ၇၀၁၊ ကုန်သည်လမ်းနှင့် ၂၇ လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေ၊ Super Service Int'1 Co.,Ltd. ဖုန်း ၀၂-၆၈၄၃၄၊အက်(ဖ်)-၂၊ ရွှေမြို့တော် ကွန်ပလက်(ခ်)၊ လမ်း ၃၀ (၇၇x၇၈ လမ်းကြား)၊ ဦးကံရှိန်၊ ဆန်းရိုက်(စ်) ဟိုတယ်၊ ဖုန်း-၀၂ ၃၉၄၇၀၊ ၀၂-၃၉၈၇၂ များတွင်တစ်အုပ်လျှင် ရောင်းဈေး ကျပ် ၁၆၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**

ပထမနှစ် (စိတ်ပညာအထူးပြု) Central Nervous System

- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: အချစ်လေပြည် (အပိုင်း-၁၇)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: လှိုင်းပုနှင့် သောင်းချမ် (အပိုင်း-၃၁)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

သြဝါဒပါတိမောက် ကျောက်စာများ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်မှ ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ဘုရားလေးဆူ၊ မြတ်မော်တင်စွန်းဘုရားနှင့် ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား၌ စိုက်ထူဖွင့်လှစ်ပြီးသော သြဝါဒပါတိမောက်(ကျောက်စာ)များပူဇော်ပွဲသို့ ဖေဖော်ဝါရီ ၂၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီမှစ၍ သဘော်ဖြင့်သွားရောက်မည်ဖြစ်ရာ မင်္ဂလာဗျူဟာအသင်းချုပ်တွင် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

(၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ် ၁၃ရက်မှ ၂၁ရက်အထိ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၃ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချမှု အခြေအနေများ ပြန်လည်သုံးသပ်သည့် အစည်းအဝေးနှင့် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ၂၀၀၃ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာပစ္စည်းများ ရောင်းချရမှုအခြေအနေနှင့် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ၌ တင်ပြရောင်းချရန် ကျောက်မျက်ရတနာများ အတွဲဖွဲ့စည်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ ဆပ်ကော်မတီများက လည်းကောင်း၊ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စီမံရေးရာဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီများက လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၃ရက်မှ ၂၁ရက်အထိ ကျင်းပရန် သတ်မှတ် အတည်ပြုကြသည်။

ယင်းနောက် အထွေထွေပိုင်းတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး အောင်အောင်မြင်မြင်နှင့် နိုင်ငံခြားငွေ ပိုမိုတိုးတက်မြင့်မားစွာ ရောင်းချနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရတနာပြပွဲဗဟိုကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး မတ်လအတွင်းကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ချောမော အောင်မြင်စေရန်အတွက် ညှိနှိုင်းဆောင်ရွက် လုပ်ကိုင်ကြရန် နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်း၏ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"**နှင့် **"ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"**ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ X ၁၂ လက်မနှင့်အထက် အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်းအရာ Captionကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သောဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံဖော်ပြချက် ပါရှိရမည်။ Digitalကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန် မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ်လ ၂၇ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း၊တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှကြေညာချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ငါးကျမ်းပြန်နွေရာသီယဉ်ကျေးမှုအခြေပြုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၃ရပ်ကွက် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၏ ပဉ္စမအကြိမ် နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို မတ် ၇ရက် (တပေါင်းလပြည့်ကျော်၂ရက်)မှ ဧပြီ ၄ရက်(တန်ခူးလပြည့်)နေ့ထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဆရာတော်ဒေါက်တာအရှင်ဓမ္မပိယ(သာသနဓဇ ဓမ္မာစရိယ၊ Ph.D)နှင့် ဝန်ဆောင်သံဃာတော်အရှင်မြတ်များက ဦးစီး၍ ပို့ချသင်ကြားသွားမည်ဖြစ်သည်။

ထိုသင်တန်းအတွက် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ရေ၊ မီး၊ ဆေးများအတွက် လှူဒါန်းလိုပါက ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ ဖုန်း-၅၇၁၃၁၂နှင့် ၅၆၂၄၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စံပြမူကြို ဆရာဖြစ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ စံပြမူကြို ကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စံပြမူကြို ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဟန်နှင့်ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဟန်က နွေရာသီစံပြမူကြို ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မူကြိုပညာရေး နည်းပညာများကို အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် စိတ်ပါဝင်စားသူများအား ဖြန့်ဝေပေးရန် စံပြမူကြိုဆရာဖြစ်သင်တန်း အပတ်စဉ်(၄)ကို မတ် ၁၂ရက်မှ ဧပြီ ၃ရက်အထိ နှင့် အပတ်စဉ်(၅)ကို ဧပြီ ၂၂ရက်မှ မေ ၁၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

ရုပ်ရှင်အနုပညာရှင်များ ခရစ်ကက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ၂၀၀၄ ခုနှစ် မတ် ၂၁ရက်တွင် ရုပ်ရှင်အနုပညာရှင်များ၏ ခရစ်ကက်ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကြည်သာ(ပွဲကြိုက်ခင်) ခေါင်းဆောင်သော အမျိုးသားရုပ်ရှင် အနုပညာရှင်များနှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက် ခေါင်းဆောင်သော အမျိုးသမီးရုပ်ရှင် အနုပညာရှင်များသည် ယမန်နေ့က ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ လေ့ကျင့်မှုများပြုလုပ်ကြရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ အကယ်ဒမီဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ကော်မတီဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရုပ်ရှင်အနုပညာရှင်များ၏ ခရစ်ကက် အားကစားနည်းလေ့ကျင့်မှုများ ပြုလုပ်ရာ၌ လိုအပ်ချက်များကို အကယ်ဒမီဦးညွန့်ဝင်းက ပြသပေးကြောင်း သိရသည်။ (ကြေးမုံ)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေရပ်ဒေသသို့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ တိုင်းရင်းသားကိုယ်စားလှယ်များ ဖြစ်ကြသော ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်ကိုယ်စားလှယ်များသည် ရန်ကုန်မြို့တွင် ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုလေ့လာပြီး ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုကြပြီး ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့မှ ပြည်နယ်နှင့်တိုင်း နေရပ်ဒေသအသီးသီးသို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ မြန်မာ့မီးရထားနှင့် မော်တော်ယာဉ်များဖြင့် လည်းကောင်း အသီးသီး ပြန်လည်ထွက်ခွာသွားကြသည်။

(၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသား ကိုယ်စားလှယ်များအား (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက သက်ဆိုင်ရာလေဆိပ်၊ ဘူတာရုံနှင့် ကားဂိတ်များတွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဟိုတယ်နစ်ကိုအလှူငွေ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဟိုတယ်နစ်ကို ရှိုင်ရယ်လိပ် ရန်ကုန်၏ Nikko 5th Charity Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်တွင် ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးမှာ ကျပ်သုံးသောင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၀ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲမှ ရရှိသည့် အကျိုးအမြတ်များကို မိဘမဲ့ကလေးများကျောင်းနှင့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်အသင်းတို့သို့ လှူဒါန်းမည်ဟု သိရသည်။ (ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့

* ခြောက်တိုင်းလည်း မကြောက်နဲ့

* ချော့တိုင်းလည်း မပျော့နဲ့

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

☆ ရှေ့ဖုံးမှ

သန်လျင်–ကျောက်တန်းဒေသတွင် နေရာ ၂၄နေရာ၌ ကွင်းဆင်းတူးဖော် မှတ်တမ်းတင်ခဲ့မှုနှင့် ယခုကျိုက်အင်းတွင် တူးဖော်တွေ့ရှိမှု အထောက်အထား အခြေအနေနှင့် ဆက်လက်တူးဖော်သုတေသနပြုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသန ဦးစီးဌာနမှ သုတေသနအရာရှိ ဦးသန်းဇော်ဦးက ကျိုက်အင်းဒေသရှိ ဘုရားကုန်းကို တူးဖော်သုတေသနပြုရာ၌ ခေတ်နှစ်ခေတ်နှင့် ဆက်နွယ်နေသည့် ဂဝံခေတ်ဘာသာရေးနှင့် ပတ်သက်သော အဆောက်အအုံအနေအထားများတွေ့ရှိရမှုကို တူးဖော်တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်းများနှင့်တကွ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာ ခင်မောင်ညွန့်က သာသနာတော်သမိုင်းနှင့် ဂဝံနှင့်ပတ်သက်သော ရှေးဟောင်းသုတေသန အစီရင်ခံစာများကို ကိုးကား၍ ဆက်စပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က တူးဖော်တွေ့ရှိရသော မြေလွှာနှင့် ရှေးဟောင်းပစ္စည်းများကို သုံးသပ်၍ ရှေးကျသော ပျူယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

သုတေသနပြုဖော်ထုတ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယခင်က ခိုင်မာသည့် အထောက်အထားများ ရှာဖွေမတွေ့ရှိရသေးသည့်အတွက် ဒက္ခာရီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့တောင်ပေါ်စေတီတော် ဘက်စုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာအနီး ကျိုက်အင်းဂဝံကုန်းတူးဖော်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဖွယ် ဖြစ်နေသော သမိုင်းဖြစ်ရပ်များနှင့်ပတ်သက်၍ ယခုတူးဖော်တွေ့ရှိသည့် အထောက်အထားများနှင့် ဆက်စပ်ပြီး သမိုင်းဖြစ်ရပ်မှန်များအဖြစ် သမိုင်းပညာရှင်များနှင့် ရှေးဟောင်းယဉ်ကျေးမှု ပညာရှင်များပူးပေါင်းပြီး ဆက်လက် သုတေသနပြု ဖော်ထုတ်သွားကြရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်အင်းဒေသမှ သုတေသနပြု တွေ့ရှိထားသည့် ဂဝံရုပ်ပွားတော်၏ အစိတ်အပိုင်းများနှင့် ဂဝံအသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။

ရဟန္တာသိမ်ဟောင်းနေရာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်အင်းဒေသ၌ တူးဖော်တွေ့ရှိသော ဂဝံဖြင့် တည်ဆောက်ထားသော အဆောက်အအုံ အစိတ်အပိုင်းများ၊ဂဝံဖြင့် တည်ဆောက်ထားသော ရဟန္တာသိမ်ဟောင်းနေရာတို့ကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့ ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော် အာရုံခံတန်ဆောင်း၌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ကျိုက်ပါဒကြီး ဆံတော်ရှင် စေတီတော် ဘက်စုံလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော် ၏ ဘက်စုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြတ်စောညီနောင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော် သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်း ဂဝံသရက်ကင်းကျောက်လှေကားနှင့် ရှေးဟောင်း သုတေသနဦးစီးဌာနက သုတေသနပြုတူးဖော်မည့် သိမ်ကုန်းကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ကျောက်တန်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့ တောင်ပေါ်စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် တွင် အာရုံခံတန်ဆောင်းတည်ဆောက်မှုအပါအဝင် ဘက်စုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် စေတီတော်တောင်ခြေ၌ ဗားမဲ့ဆရာတော်ကြီး တရားအားထုတ် ခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကျိုက္ကမော့စေတီတော်အား လှည့်လည်ပူဇော်ကြည်ညိုကြပြီး စေတီတော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် သန်လျင်မြို့နယ် သန်လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးဇုန်၌ ပို့ဆောင်ရေး ဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံရေကြောင်းပညာ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရေကြောင်းပညာတက္ကသိုလ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ခွင်တွင် အင်ဂျင်ပုံဆောင်သရုပ်ပြခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရေကြောင်းပညာတက္ကသိုလ် ါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ူးဖေသန်းက ရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားရေးလုပ်ငန်းအခြေအနေ၊ န်ထမ်းဖွဲ့စည်းမှု၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် ဂျပန်–မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အသင်းတို့ ပူးပေါင်း၍ ဖိုင်ဘာအမြန် ရေယာဉ်ငယ်ခုနစ်စီးကို တည်ဆောက်ပြီး ဂျပန်နိုင်ငံတွင် ကျင်းပသည့် Tokyo International Boat Show၌ Made in Myanmar အမည်ဖြင့် တင်သွင်းပြသခဲ့ရာ ဖိုင်ဘာအမြန်ယာဉ်ငါးစီး ရောင်းချနိုင်ခဲ့မှု၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ ပညာရှင်/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ Royal Institution of Naval Architects (RINA) က ချီးမြှင့်သည့် ၂၀၀၃ ခုနှစ်အတွက် RINA-Myanmar Shipyard Award ပညာသင်ဆုကို မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဒုတိယနှစ်(အကြီးတန်း) (ရေယာဉ်တည်ဆောက်မှုပညာ) ကျောင်းသား မောင်သက်နိုင်က ဆွတ်ခူးရရှိခဲ့မှု၊ ပြည်တွင်း/ ပြည်ပပညာရှင်များ လာရောက်သင်ကြားပို့ချမှု၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း သင်ကြားမှုအခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရွှေမာလာဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက် တာ ဦးအောင်ထွေးက တည်ဆောက်ရေးလုပ်ငန်း ပထမဆင့်အနေဖြင့် သုံးထပ် င်မဆောင် စာသင်ခန်းမနှင့် နှစ်ထပ် စာသင်ဆောင်သုံးဆောင်တည်ဆောက် ပြီးစီးနေမှုနှင့် ဒုတိယအဆင့်အဖြစ် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် လိုအပ် သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သင်္ဘော မောင်းနှင်ပုံဆောင်သရုပ်ပြခန်း၌ ကွန်ပျူတာအသုံးပြု၍ သင်္ဘောလေ့ကျင့် မောင်းနှင်မှုကို သင်္ဘောဦးခေါင်းပိုင်း ခရီးစဉ်ရေပုံနှင့် ရေဒါပုံစံတို့ကို အသုံးပြု၍ သရုပ်ပြသကြသည်။ ဆက်လက်၍လည်း အင်ဂျင်ပုံဆောင်သရုပ်ပြခန်း၌ သင်္ဘောအင်ဂျင်စက်ခန်း၏ အစိတ်အပိုင်းများကို ကွန်ပျူတာဖြင့် ထုတ်နုတ် လေ့လာသင်ကြားခြင်းကို သရုပ်ဖော်ပြသကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဓာတုဒေနှင့် ူပဗေဒဓာတ်ခွဲခန်းတို့ကို ကြည့်ရှု စစ်ဆေးသည်။

အရှေ့ပိုင်းတက္ကသိုလ်

ထိုမှ တစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးကြည်ဝင်း၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက် ါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ နှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် သမိုင်းအကျဉ်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြား ပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူဦးရေ၊ ကွန်ပျူတာ ၁၅၈လုံး အသုံးပြုသင်ကြားလျက်ရှိသော IT ခန်းများ၊ ဝန်ထမ်း ဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လေးထပ်ပင်မ ဆောင် တည်ဆောက်ရေးတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက္ကသိုလ် ရဝဏ်အတွင်း သွားရောက်၍ ပင်မဆောင်တည်ဆောက်နိုင်မည့် မြေနေရာကို ရွေးချယ်ပေးပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ပြန်လည်ထွက်ခွာ သွားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့ ကျိုက်ပါဒကြီး ဆံတော်ရှင် စေတီတော် ဘက်စုံလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

❖ **ကျောဖုံးမှ**

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ် ကွပ်ကဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်တို့ တက်ရောက် ချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီး များ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲ များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ ရွှေမာလာဆောက်လုပ်ရေး မန်နေဂျင်း ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ရွှေအင်ကြင်းရိပ်မွန် အိမ်ရာဖွင့်ပွဲကို အဝင်မုခ်ဦး၌ စတင် ကျင်းပသည်။

အစီအစဉ်အရ ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံကျော်နှင့် ရွှေမာလာဆောက်လုပ် ရေး မန်နေဂျင်းဒါရိုက်တာ ဦးအောင် ထွေးတို့က ဖဲကြိုးဖြတ်၍ ရွှေအင် ကြင်းရိပ်မွန်အိမ်ရာကို ဖွင့်လှစ်ပေး ကြသည်။

ထို့နောက် ရွှေမာလာဆောက်လုပ် ရေး မန်နေဂျင်းဒါရိုက်တာ ဦးအောင် ထွေးက ရွှေအင်ကြင်းရိပ်မွန် အိမ်ရာ စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြရာတွင် Golden Flower Co., Ltd သည် ဘုရင့်နောင် လမ်းမကြီးပေါ်တွင် ရွှေမာလာရိပ်မွန်၊ ရွှေစပယ်ရိပ်မွန်၊ ရွှေပုန်းညက်ရိပ်မွန်၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေသရဖူရိပ်မွန် စသည့် ရိပ်မွန်ငါးခုကို ၁၉၉၇ ခုနှစ်မှ

မြို့တော်အိမ်ရာ စီမံကိန်း ကြီးကြပ် ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ရွှေအင်ကြင်းရိပ်မွန် အိမ်ရာမှ အိမ်ခန်းများ ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၁ ခုနှစ်အတွင်း အောင်[...]
တည်ဆောက်ခဲ့ကြောင်း၊ နေ[...]
များအတွက် လုံခြုံမှု၊ ရေ၊ မီး၊ [...]
အိမ်ခန်းတစ်ခန်းစီအတွက် Car [...]
ing တစ်ခု စသည့် Facility [...]
အပြင် အဆောက်အအုံ၏ အချို[...]
ခိုင်ခံ့မှုတို့ဖြင့် တွေ့မြင်သူတိုင်း[...]
စဖွယ်ရှိအောင် စေတနာရှေ့ထ[...]
ကြိုးပမ်းဆောင်ရွက် ခဲ့ပါကြော[...]

ရွှေမာလာ ဆောက်လုပ်ရေ[...]
သည် ရရှိလာသည့် ဆောက်လု[...]
အတွေ့အကြုံများအပေါ် အခြ[...]
အားနည်းချက်များကို ပြုပြ[...]
အားသာချက်များကို ပိုမိုတို[...]
အောင် ကြိုးစားရင်းဖြင့် ယခု [...]
ကြင်း ရိပ်မွန်အိမ်ရာကို တည်ဆေ[...]
ပြီးဖြစ်ပါကြောင်း။

ရွှေအင်ကြင်းရိပ်မွန်၏ အိ[...]
အကျယ်အဝန်းသည် ၂၃၀၀ မှ [...]
စတုရန်းပေခန့်ရှိပြီး အခန်းတိုင်[...]
ပါကေး၊ ကြွေပြား၊ မျက်နှာကြ[...]
အပြီးထည့်သွင်းပြင်ဆင်ထားပါကြော[...]
ရေကို Centralization စနစ[...]
ရှစ်လက်မအဝီစိတွင်း နှစ်တွင်း[...]
ဖြန့်ဝေပါကြောင်း၊ အိမ်ရာ၏ [...]
တည်တံ့မှုအတွက် ကုမ္ပဏီမတ[...]
ကျပ်သိန်း ၁၅၀၊ အုပ်ချုပ်ရေး[...]
ဝန်ထမ်းများအတွက်ရုံး၊ PA[...]
တယ်လီဖုန်းစနစ်နှင့် ဂိုဟ်တုစလေ[...]
အတွက် Control Room စ[...]
လိုအပ်ချက်များကိုပါ စနစ်[...]
တည်ဆောက်ပေးခဲ့ပါကြောင်း [...]

ရွှေမာလာဆောက်လုပ်ရေးက[...]
သည် နိုင်ငံတော်က ပေးအပ်[...]
ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်း[...]
ကို အတ္တ–ပရ အကျိုးမျှတစွ[...]
ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြေ[...]
ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေအင်ကြင်းရိ[...]
အိမ်ရာမှ အိမ်ခန်းများကို ကြ[...]
ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်[...]
လိုက်သည်။ (သတင[...]

**ဆောက်လုပ်ရေးဝန်ကြီး[...]
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီး[...]
ညွှန်ကြားရေးမှူးချုပ် ဦးအုံကျေ[...]
ရွှေမာလာ ဆောက်လုပ်[...]
မန်နေဂျင်းဒါရိုက်တာ ဦးအေ[...]
ထွေးတို့က ဖဲကြိုးဖြတ်၍ ရွှေ[...]
ကြင်းရိပ်မွန် အိမ်ရာကို ဖွင့်[...]
ပေးကြစဉ်။**

(သတင်း[...]

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၂–၂၀၀၃ခု ပညာသင်နှစ် အတွက် ၂၀၀၃ခုနှစ် ဇူလိုင်နှင့် ဩဂုတ် လတို့တွင် ကျင်းပခဲ့သော တတိယ နှစ် (၁၉၉၆)အောင် သင်တန်း သီးသီး၏ နောက်ဆုံးနှစ် စာမေးပွဲ အောင်မြင်ထားသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်း ချီးမြှင့်ရန် ဘွဲ့နှင်းသဘင် အခမ်း အနားကို ၂၀၀၄ခုနှစ် မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနား တွင် B.Econ.(Economics) ဘွဲ့၊ B.P.A.ဘွဲ့၊ B.DEV.S ဘွဲ့၊ B.Econ.(Statistics) ဘွဲ့၊ B.P.S. ဘွဲ့၊ B.Com. ဘွဲ့၊ B.Act. ဘွဲ့နှင့် B.B.A ဘွဲ့တို့ကို အပ်နှင်းမည် ဖြစ်ရာ လျှောက်ထားသူများ အနေ ဖြင့် တစ်လအတွင်း ရိုက်ကူးထား သော နှစ်လက်မ x တစ်လက်မခွဲ ဓာတ်ပုံ နှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်းတို့နှင့်အတူ သတ်မှတ် လျှောက်လွှာပုံစံဖြင့် လျှောက်ထား ရမည်ဖြစ်ပြီး နှစ်ဟောင်းမှဘွဲ့၊ ဒီပလိုမာအောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထား ရမည်ဖြစ်သည်။

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ခြင်း ကို မတ် ၄ရက်(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ဖေဖော်ဝါရီ ၂၀ရက်ဖြစ်သည်။ အသေးစိတ်အချက် အလက်များကို ရန်ကုန်စီးပွားရေး တက္ကသိုလ်(ရွာသာကြီး)၌ စုံစမ်းနိုင် သည်။ (သတင်းစဉ်)

❐ **တက္ကသိုလ်ဝင်မှ**

ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ် ၈ရက်တို့တွင် မြန်မာစာတို့ကို ထုတ်လွှင့် ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖေဖော်ဝါရီ ၂၅ရက်မှစ၍ ဖော်ပြသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အဝေးသင် တက္ကသိုလ်က Electronic Data Broadcasting System ဖြင့် e-Education Learning Centre များသို့ ဖေဖော်ဝါရီ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နှင့် မတ် ၁ရက်တို့တွင် နေ့စဉ် မွန်းလွဲ ၁နာရီမှ ၂နာရီအထိ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများကို ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်စေရေး ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်များဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်စေရေးအတွက် ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်များ ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၇နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့ ဘုရင့်နောင်ဈေးရှေ့၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မူးယစ်ဗဟိုအဖွဲ့–အဖွဲ့ဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြဝတီခရိုင်အား မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်စေရေးအတွက် ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်များ ဖွင့်လှစ်ခြင်း အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အဖွင့်အမှာစကားပြောကြားစဉ်။

(မူးယစ်ဗဟို)

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူလူထုအင်အား ၁၀၀၀ကျော် တက်ရောက်ကြသည်။

အင်္ဂါရပ်ရှစ်ရပ်

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသများအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး အစီအစဉ်အရ မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ဒေသ ဖြစ်ပေါ်စေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်များ ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းမှာ ၂၀၀၂ ခုနှစ် ဇူလိုင် ၂၃ရက်က ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပ သည့် "နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါး ပပျောက်ရေး" အထူးအစည်းအဝေးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်)၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်စေရေးအတွက် အင်္ဂါရပ်ရှစ်ရပ်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ကြောင်း၊ ယင်းအင်္ဂါရပ်ရှစ်ရပ်အနက် ပထမအဆင့်အနေဖြင့် ဆောင်ရွက်ရမည့် အင်္ဂါရပ်ငါးရပ်ကို ဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ၎င်းအင်္ဂါရပ်ငါးရပ်မှာ မူးယစ်ဆေးစွဲသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး စခန်းများထားရှိရေး၊ ပညာပေးပြခန်းများ၊ သတင်းပြန်ကြားရေးဌာနများ ထားရှိရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးကို အထောက်အကူပြုမည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ထားရှိရေး၊ လျှို့ဝှက်သတင်းပေးအဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သော စစ်ဆေးကြပ်မတ်ရေး အဖွဲ့အစည်းများ ထားရှိရေးနှင့် မူးယစ်ဗဟိုအဖွဲ့မှ တိုက်ရိုက်ကွပ်ကဲမှု ရယူဆောင်ရွက်ရေးတို့ ဖြစ်ကြောင်း။

မြဝတီခရိုင်အား မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး မူးယစ်ဗဟိုအဖွဲ့ အနေဖြင့် ကြီးကြပ်ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး အပိုင်းတွင် မူးယစ်ဆေးစွဲရောဂါ ကုသမှုဆေးရုံနှင့် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မူးယစ်ဗဟိုအဖွဲ့နှင့် ဒေသအာဏာပိုင်တို့၏ ကြိုတင်စီမံထားရှိမှုဖြင့် မူးယစ်ဆေးစွဲရောဂါကုသမှုဆေးရုံကို ဖွင့်လှစ်ထားပြီဖြစ်ကြောင်း၊ ပညာပေးပြခန်းများ၊ သတင်းပြန်ကြားရေးဌာနများ ထားရှိရေးအပိုင်းကို မူးယစ်ဗဟိုနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

မူးယစ်ဆေးဝါး ပပျောက်ရေးကို အထောက်အကူပြုမည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များ ထားရှိရေးအပိုင်းတွင် အဓိက မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA)ကို ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခုအခါ မူးယစ်ဗဟိုနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ဦးဆောင်ပြီး မြဝတီခရိုင်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကို ၂၀၀၃ခုနှစ် မေလ ၂၂ရက်က အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသည် ဒေသမှာရှိပြီးဖြစ်သည့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး လုပ်ငန်းစဉ်များကို ပြည်သူလူထု အတွင်း ဝင်ရောက်ပြီး စည်းရုံးဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

လျှို့ဝှက်သတင်းပေးအဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သည့် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ဖွဲ့စည်းရေးအပိုင်းကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ထောက်လှမ်းရေးတပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ် (အထူး) အဖွဲ့တို့မှ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတိုင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) နှင့် ပူးပေါင်းဆောင်ရွက်နေသည့် နယ်စပ်ဆက်ဆံရေးရုံး (BLO)များကိုလည်း တာချီလိတ်နှင့် မြဝတီမှာ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် မိမိတို့ဆောင်ရွက်မှုတွေကို UNODC အပါအဝင် နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့်သိအောင် Media အပိုင်းက လုပ်ဆောင်သွားရမှာဖြစ်ကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအပိုင်းတွင် အဓိက ပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်ကြီးများကို မြို့အဝင်အထွက်နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းနှင့် ဈေးအနီး စသည့် လူစည်ကားသည့်နေရာများတွင် ထူးထူးခြားခြားဖြစ်အောင် ဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ယင်းညွှန်ကြားချက်နှင့်အညီ ယခုအခါ မြဝတီခရိုင်အတွင်း အချက်အချာနေရာများ ၁၀နေရာတွင် ဆိုင်းဘုတ်ပေါင်း ၁၀ခု စိုက်ထူပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများအတွင်း မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်စေရေးနှင့် စပ်လျဉ်းပြီး တာချီလိတ်ခရိုင်၊ မြဝတီခရိုင်နှင့် ကော့သောင်းခရိုင်တို့အား မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်ရေးကို အလေးထား ဆောင်ရွက်ခဲ့ကြောင်း။

အားရကျေနပ်

ခရိုင်သုံးခရိုင်အတွင်း မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်ရေး ဆောင်ရွက်ခဲ့ရာမှာ ပထမဦးဆုံး စတင်ဆောင်ရွက်ခဲ့သည့် တာချီလိတ်ခရိုင်တွင် ထူးခြားသည့်အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် ကျန်သည့် NGO အဖွဲ့များ၏ စည်းရုံးမှု၊ ဒေသခံပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုများမှာ အားရကျေနပ်စရာဖြစ်ကြောင်း၊ အလားတူ မြဝတီခရိုင်အနေဖြင့်လည်း ဒေသအာဏာပိုင် အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ပံ့ပိုးမှုကိုရယူပြီး NGO အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ အနေဖြင့် မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယခုအခါ မြဝတီခရိုင်တွင် ခရိုင်အဆင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး အဖွဲ့များကို ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ ခရိုင်အတွင်းရှိ ဆရာ၊ ဆရာမများကိုလည်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး သင်တန်းများကို ပညာရေးဝန်ကြီးဌာနမှ လာရောက်ဖွင့်လှစ်သင်ကြားပေးပြီလည်း ဖြစ်ကြောင်း၊ ဆေးကုသရေး ဆေးရုံလည်း ဖွင့်လှစ်ပြီးဖြစ်သည့်အပြင် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာလည်း ရရှိပြီးဖြစ်ကြောင်း။

မြဝတီခရိုင်သည် နယ်စပ်ဒေသဖြစ်ပြီး တရားမဝင် လူဝင်လူထွက်များပြားသည့် နေရာဖြစ်၍ တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးဖြစ်သည့် စိတ်ကြွရူးသွပ်ဆေး သယ်ဆောင်ရောင်းဝယ်မှုပြုရာတွင် ဖြတ်သန်းသယ်ဆောင်ရာ ဒေသဖြစ်သည့်အတွက် တားဆီးနှိမ်နင်းရေးအပိုင်းကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နယ်စပ်ဒေသများအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအရလည်း မြန်မာ–ထိုင်းနယ်စပ် တာချီလိတ်နှင့် မြဝတီတို့တွင် နယ်စပ်ဆက်ဆံရေးရုံး (Border Liaison Office) BLO ရုံးများ ဖွင့်လှစ်ပြီး ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာပြီး နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး လုပ်ငန်းများတွင် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ဖြစ်သည့်အတွက် ယခုအချိန်သည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အခွင့်အခါ အသင့်ဆုံးအချိန်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး အပိုင်းတွင်လည်း မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ ဆေးစွဲသူများအား ဆေးဝါးကုသပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် NGO အဖွဲ့များအနေဖြင့် ပြည်သူပါဝင်လာအောင် ပြည်သူလူထုအတွင်း စိမ့်ဝင်ပြီး စည်းရုံးဆောင်ရွက်ရေးမှာ အရေးအကြီးဆုံးလုပ်ငန်း ဖြစ်ကြောင်း။

အခွင့်အခါကောင်း

ယခုအခါ ကရင်ပြည်နယ်မှာ အေးချမ်းတည်ငြိမ်လာပြီဖြစ်၍ ယခုအချိန်အခါသည် မြဝတီခရိုင်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရန် အခွင့်အခါအကောင်းဆုံး အချိန်ဖြစ်ကြောင်း၊ မြဝတီခရိုင်အတွင်း မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်စေရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကွပ်ကဲမှုနှင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ ပူးပေါင်းပြီး ခရိုင်တစ်ခုလုံး မူးယစ်ဆေးဝါးကင်းစင်သည့် ဒေသဖြစ်လာသည့်အထိ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဗဟိုအဖွဲ့ဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ဖေဖော်ဝါရီ ၁၅ရက် ညနေ ၄နာရီတွင် မြဝတီမြို့ရှိ သောင်ရင်းခန်းမ၌ မြဝတီခရိုင်အတွင်းရှိ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ရေး၊ နယ်မြေအေးချမ်း တည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသီးသီး ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၊ ပြန်လည်ထူထောင်ရေးစခန်းမြေနေရာ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြန်လည်ကြိုဆိုရေး လက်ခံစခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရုံးသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌသည် မြဝတီခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းသို့ ငွေကျပ်သိန်း ၂၀နှင့် အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်နှစ်သိန်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ရှုခင်းစုံညီမြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရေးအတွက် **"ရှုခင်းစုံညီ၊ မြန်မာပြည်"**ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်တိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ရမည့် ရောင်စုံဓာတ်ပုံများမှာ မြန်မာပြည်တစ်ခွင်လုံးရှိ သာယာလှပသည့်ရှုခင်းပုံများ၊ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားဖွယ်ရာ နေရာဒေသများရှိ သဘာဝအလှအပရှုခင်းပုံများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပုံများဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ ပြိုင်ပွဲသို့ နိုင်ငံသားမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ဓာတ်ပုံမှာ မိမိနိုင်ငံအတွင်း ရိုက်ကူးထားသော ဓာတ်ပုံများ ဖြစ်ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မx၁၂လက်မမှ ၁၂လက်မx ၁၈လက်မအထိဖြစ်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။ အခြားပြိုင်ပွဲများတွင် ဆုရပြီးသည့်ဓာတ်ပုံများကို ပြိုင်ပွဲသို့ တင်သွင်းခြင်းမပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံနှင့်အတူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရိုက်ကူးကြောင်း ဝန်ခံချက်အပြင် ရိုက်ကူးထားသည့် ဓာတ်ပုံ၏အကြောင်းအရာ၊ နေရာ၊ ရိုက်ကူးသည့် ရက်စွဲတို့ကို ဓာတ်ပုံ၏ နောက်ကျော၌ သီးခြားစာရွက်ဖြင့် ရေးကပ်ထားပြီး တစ်ပါတည်း ပူးတွဲတင်ပြရမည်ဖြစ်သည်။ ဆုရသည့်အခါ မူရင်းနဂ္ဂတစ်ကို ပေးပို့တင်ပြရမည်ဖြစ်ပြီး ဆုရွေးချယ်ရေးနှင့် ပတ်သက်၍ အဖွဲ့၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုကျပ်ငါးသိန်း၊ ဒုတိယဆုကျပ်သုံးသိန်းနှင့် တတိယဆုကျပ်နှစ်သိန်းအပြင် အထူးဆုတစ်ဆုလျှင် ကျပ်တစ်သိန်းစီဖြင့် ငါးဆု၊ နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်ငါးသောင်းစီဖြင့် ငါးဆု သတ်မှတ်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကောင်းထွဋ် (ဒုတိယညွှန်ကြားရေးမှူး) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန အမှတ်(၇၇/ ၉၁) ဆူးလေဘုရားလမ်း ရန်ကုန်သို့ ဖေဖော်ဝါရီ ၂၇ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာကနှိုးဆော်ချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း မြောင်းမြခရိုင်လပွတ္တာမြို့နယ် ပြင်စလူ အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စီးပွားရေး လုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြင်စလူရဲစခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘိုကလေးမြို့နယ်နှင့်မြောင်းမြမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာတွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဘိုကလေးမြို့နယ် ဧရာကျေးရွာသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျေးရွာလမ်းတစ်လျှောက် လှည့်လည်၍ ကျေးရွာ၏ ဖွံ့ဖြိုးစည်ပင်တိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဒေသကြီး ၂၄ခုသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှု ကွာဟမှုနည်းနိုင်သမျှနည်းပါးစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ လုပ်ငန်းများတွင် ပါဝင်ကူညီပြီး ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့ပြင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးဆောင်ရွက်ကြရန် လိုကြောင်း၊ ကျေးရွာသောက်သုံးရေရှားပါးမှုမရှိစေရန်အတွက် ကျေးရွာသုံးသောက်သုံးရေကန်များအား စနစ်တကျခြံစည်းရိုးကာရံနှင့် သန့်ရှင်းအောင် ဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဧရာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကွန်ပျူတာတစ်လုံးအတွက် မတည်အလှူငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးအုန်းကြိုင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့အား လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျေးရွာအခြေခံပညာ မူလတန်းကျောင်းနှင့် လူမှုရေးအသင်းအဖွဲ့ ငါးဖွဲ့တို့အတွက် အလှူငွေကျပ် တစ်သောင်းစီတို့ကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူ အသီးသီးတို့အား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာအခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး ကိုယ့်အားကိုယ်ကိုး တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြင်အလန်းကျေးရွာအုပ်စု အမတ်ကြီးကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ မွန်းလွဲ ၁နာရီခွဲတွင်ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြင်စလူ အခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ခရိုင်၊မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်းအင်အား ၄၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်စွမ်းသမျှ ပံ့ပိုးကူညီပေးရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အစွမ်းကုန်ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ယင်းနောက် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်က ပြင်စလူမြို့နှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးထူထောင်ရန် အေးချမ်းသာယာပြီး တရားဥဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ အေးချမ်းသာယာပြီး တရား ဥပဒေစိုးမိုးရန်အတွက် ဒေသခံပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ထွက်ပေါ်လာရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က အထူးဖွံ့ဖြိုးရေး ဇုန်ကြီး ၂၄ဇုန်ကို သတ်မှတ်၍ ဇုန်တိုင်းတွင် တက္ကသိုလ်နှင့် ဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးလျက် ရှိကြောင်း၊ စီးပွားရေးကောင်းမွန်ရန်အတွက်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အများစုဖြစ်သော ကျေးလက်နေပြည်သူများ လူနေမှုအဆင့် တိုးတက်လာစေရန်အတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တာဝန်ရှိသူများကလည်း အောက်ခြေ ကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးရမှာ ဖြစ်သကဲ့သို့ ပြည်သူများကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖဖြစ်သူဦးရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်စလူတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး အမျိုးသမီး၊ အမျိုးသားလူနာဆောင်များ၊ဆေးသိုလှောင်သည့် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပြင်စလူတိုက်နယ် ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံကြီးကြပ်ရေးကော်မတီဝင် ဦးရွှေသို့ ပေးအပ်လှူဒါန်းသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ညောင်နှစ်ပင်ကျေးရွာအနီးရှိ အထူးဇုန်(၁)အတွင်းရှိ ခြံပိုင်ရှင် ဦးလှမိုက်၏ ဟင်းသီးဟင်းရွက်စိုက်ခင်းအတွင်း ခရမ်းချဉ်သီး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရကတ)

မြစ်ရေတင်စီမံကိန်းများဖြင့် နွေစပါးတိုးချဲ့စိုက်ပျိုး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ထန်းတပင်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းမကြီးမှ မှော်ဘီမြို့နယ် မြို့ချောင်းတံတား၊ ဘောလယ်ကျွန်း ရေပေါ်သောင် တံတားတို့ကိုဆက်သွယ်သည့် လမ်းကိုအကျယ်၁၈ပေရှိကျောက်ချောလမ်းခင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် ဘောလယ်ကျွန်း ကြာအင်းကျေးရွာအနီး၌ ဝွေ့တန်းရှည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ မြေပေါ်ရေမြောင်းမကြီး တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းဒေသ၌ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းစီမံကိန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျွန်းဒေသသို့ ရောက်ရှိရာ တာဝန်ရှိသူများက အိုင်ကလောင်ဒေသ၌ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပင်မရေမြောင်းကြီးများနှင့် လက်သွယ်မြောင်းများ တူးဖော်နေမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအားအိုင်ကလောင်မြစ်ရေတင်စီမံကိန်းသည်အိုင်ကလောင်ကျွန်းဒေသတွင် နွေစပါးဧက ၅၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ရောက်ရှိပြီး ဧရာဝတီမြစ်ကမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မိုးရာသီကာလတွင် ဧရာဝတီမြစ်ရေ တိုက်စားခြင်း မရှိစေရန် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ဂရုပြုဆောင်ရွက်ကြရေး မှာကြားသည်။

(သတင်းစဉ်)

▲ မိုးကောင်းမြို့နယ်မှ

တံတားကို ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးကြသည်။ ထို့နောက် လွယ်လီယံတံတား၏ မှတ်တမ်းကျောက်စာတိုင်ကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဧည့်သည်တော်များသည် တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မိုးညှင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ဆောက်လုပ်ရေး)

ရာသီမရွေးသွားလာနိုင်

လွယ်လီယံတံတားသည် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် တည်ရှိပြီး ကချင်ပြည်နယ်၏ မဟာဗျူဟာလမ်းမကြီးဖြစ်သည့် မြစ်ကြီးနား-တနိုင်း-ဝန်ဆောက်လီဒိုလမ်းအတွက် ရာသီမရွေးသွားလာနိုင်ရေးတွင် အရေးကြီးသည့် တံတားတစ်စင်းဖြစ်သည်။ ယင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား အထူးအဖွဲ့(၁၅)မှ တာဝန်ယူပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတား အရှည်မှာ ၁၃၇ဒသမ၆ပေဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၁၀ဒသမ၆ပေနှင့် ခွင့်ပြုတန်ချိန် တန် ၃၀ဖြစ်သည်။တံတားအုတ်မြစ်ကို သံကူကွန်ကရစ်ရေတွင်းခွေများ ဖြင့်ဆောင်ရွက်ထားပြီး ပင်မတံတားမှာ H-20အမျိုးအစားသံမဏိသံပေါင်ဖြစ်သည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ရွှေဘို-မြစ်ကြီးနားလမ်း ကချင်ပြည်နယ်၊ မိုးညှင်းမြို့နန့်ရင်းချောင်းကိုဖြတ်ပြီး တည်ဆောက်ထားသည့် မိုးညှင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မိုးညှင်းတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီ ၁၀မိနစ်တွင် အဆိုပါ တံတားထိပ်ရှိ မင်္ဂလာဗဟိုမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ နယ်မြေအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အင်အား ၃၀၀၀ကျော် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား နယ်မြေခံဦးစံလင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များသည် တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့် မင်္ဂလာမုခ်ဦးသို့ သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်ရောက်သည်နှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ မိုးညှင်းတံတားကို ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တံတား၏ မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားပေါ်ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ မိုးညှင်းတံတားသည် ရွှေဘို-မြစ်ကြီးနားလမ်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင်ရှိသည့် နန့်ရင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။ ကချင်ပြည်နယ်နှင့် ပြည်မကို ဆက်သွယ်သည့် လမ်းပေါ်တွင်တည်ရှိပြီး အဓိကအရေးကြီးသည့် တံတားဖြစ်သည်။ ယင်းတံတားကို တံတားအထူးအဖွဲ့မှ တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် သံကူကွန်ကရစ်၊ ရေတွင်းခွေအပေါ်ထည်၊ ချည်းကပ်တံတားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ပင်မတံတားမှာ CHအမျိုးအစားသံမဏိသံပေါင်ဖြစ်သည်။ တံတားအရှည် ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၆ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ရှစ်ပေစီရှိပြီး ရေလမ်းကင်းလွတ်နယ်မှာ ပေ ၁၁၀၊ ခံနိုင်ဝန်အား တန် ၃၀ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

မိုးကောင်းမြို့နယ် နမ္မတီး-တနိုင်းလမ်းပေါ်ရှိ လွယ်လီယံတံတားကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

နှစ်သစ်ကူး မိတ်ဆုံစားပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အောင်မေတ္တာကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးမိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် ည ၇နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရောင်းဆိုင်များမှ ကိုယ်စားလှယ်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အောင်မေတ္တာ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့်တာဝန်ရှိသူများ၊ မိတ်ဖက်ကုမ္ပဏီလီမိတက်များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်မေတ္တာ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မန်နေဂျာ ဒေါ်နုနုလွင်က အောင်မေတ္တာကုမ္ပဏီ လီမိတက်၏ ထူးချွန်သော အရောင်းဆိုင်များကို ကြေညာပြီး ပထမ၊ ဒုတိယနှင့် တတိယရ အရောင်းဆိုင်များအား ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာနှင့် မန်နေဂျာများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အောင်မေတ္တာကုမ္ပဏီလီမိတက်သည် နိုင်ငံခြားစံချိန်မီ Export Quality ရှိသည့် အဆင့်မြင့် ဘောလ်ပင်များကို ထုတ်လုပ်ဖြန့်ချိလျက်ရှိပြီး ၂၀၀၄ ခုနှစ်တွင် အသစ်ထုတ်လုပ်သော Super Star အကောင်းစားဘူးဘောလ်ပင်ကို ထုတ်လုပ်ဖြန့်ချိမည်ဖြစ်သည်။

(သတင်းစဉ်)

အောင်မေတ္တာကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးမိတ်ဆုံစားပွဲအခမ်းအနားတွင် အောင်မေတ္တာကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

စီမံကိန်းကျွမ်းကျင်မှုအဆင့်(၂) သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနအောက်ရှိ ရုံးချုပ်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် စီမံကိန်းဦးစီးရုံးများမှ ဦးစီးအရာရှိများအတွက် လုပ်ငန်းခွင်စီမံကိန်းကျွမ်းကျင်မှုအဆင့်(၂)သင်တန်းအမှတ်စဉ် (၂/၂၀၀၃-၂၀၀၄)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သံတမန်လေ့လာရေးအဖွဲ့ ရှမ်းပြည်နယ်တောင်ပိုင်း သွားရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်တောင်ပိုင်းသို့ လေ့လာရေးခရီးစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီး ဒေါ်လှဲ့လှဲ့ကြည်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက၊ စင်ကာပူသံအမတ်ကြီး H.E. Mr. Simon Tesing De Cruz နှင့်သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့်သံအရာရှိများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများပါဝင်သည့် သံတမန်လေ့လာရေးအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ဖေဖော်ဝါရီ ၁၄ရက် နံနက် ၇နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဟဲဟိုးလေဆိပ်သို့ နံနက် ၈နာရီတွင် ရောက်ရှိသည်။

ကြိုဆို

ဟဲဟိုးလေဆိပ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့ နာယက၊ စင်ကာပူသံအမတ်ကြီး ခေါင်းဆောင်သော သံတမန်လေ့လာရေးအဖွဲ့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်က ဂုဏ်ပြုညစာဖြင့် တည်ခင်းပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

သောင်းထိုက်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအကများဖြင့် ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် သံတမန်များအဖွဲ့သည် ဟဲဟိုးလေဆိပ်မှ မော်တော်ယာဉ်များဖြင့် အင်းလေးခေါင်တိုင်၊ ထိုမှတစ်ဆင့် စက်လှေများဖြင့် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ကြည်ညိုကြသည်။

အင်းလေးဖောင်တော်ဦးဘုရားတွင် ဘုရားဂေါပကအဖွဲ့ကကြိုဆို၍ရှင်းလင်းပြသကာ ဒုတိယဝန်ကြီးနှင့် သံတမန်များအဖွဲ့သည် ဖောင်တော်ဦး ရုပ်ပွားတော်များအား ရွှေသင်္ကန်းများ ကပ်လှူကြည်ညိုကာ အလှူငွေများပေးအပ်လှူဒါန်းကြပြီး အင်းလေးကန်အတွင်းရှိ ရက်ကန်း လုပ်ငန်းများနှင့် ငွေထည်လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ဂုဏ်ပြုဆုပေး

ထို့နောက် ရွှေကျွန်းမျှော် ဟိုတယ်(၁)သို့ သွားရောက်ကာ အင်းလေးရိုးရာ လှေလှော်ပြိုင်ပွဲကို ကြည့်ရှု အားပေးကြပြီး ဆုရရှိသူများကို သံတမန်များအဖွဲ့နာယက၊ စင်ကာပူသံအမတ်ကြီးနှင့် ဒုတိယနာယက ဖိလစ်ပိုင် သံအမတ်ကြီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်များအဖွဲ့သည် အင်းပေါ်ခုံရွာရှိ မြစကြာပိုးထည်လုပ်ငန်းနှင့် ကြာချည်ထုတ်လုပ်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာ ကြသည်။ ထို့နောက် စက်လှေများဖြင့် အင်းလေးကန်မှ ညောင်ရွှေမြို့သို့ ရောက်ရှိကြပြီး ညောင်ရွှေမြို့မှ မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့ ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် ဇနီးတို့က ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး၊ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သံအရာရှိများနှင့် ဇနီးများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ဂုဏ်ပြုညစာစားပွဲ တွင် ရှမ်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေရာ သံအမတ်ကြီးများက ဂုဏ်ပြုပန်းခြင်းများ ပေးအပ်သည်။

ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် သံတမန်များနှင့်ဇနီးများသည် ရွှေဘုန်းပွင့်ဘုရား၊ စူဠာမုနိဘုရား တို့ကို သွားရောက်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်များ လေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားကို သွားရောက်ကြည်ညိုကြရာ ဘုရားဂေါပကအဖွဲ့က ရှင်းလင်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သံတမန်များ လေ့လာရေးအဖွဲ့က ကက္ကူဘုရားဝင်းရှိ ဘုရားအမှတ်(အက်ဖ်-၂၃၁)နှင့် အထွေထွေဝေယျာဝစ္စအလှူငွေအတွက် အမေရိကန်ဒေါ်လာ ၃၃၀နှင့်ငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Suphot Dhirakaosal နှင့် ဇနီးတို့က ဘုရား အမှတ် (အက်ဖ်-၂၃၆)အတွက် အမေရိကန်ဒေါ်လာ ၃၀၀ကိုလည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ရုံး (WFP) ညွှန်ကြားရေးမှူး Mr. Bhim Udas နှင့် ဇနီးတို့က ဘုရားအမှတ်(အက်ဖ်-၂၅၃)အတွက် အမေရိကန်ဒေါ်လာ ၃၀၅ ဒေါ်လာကိုလည်းကောင်း ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်သံတမန်လေ့လာရေး အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့မှ ပင်းတယမြို့သို့ ထွက်ခွာ၍ ရွှေဥမင်လိုဏ်ဂူတော်ကို သွားရောက် ကြည့်ရှုလေ့လာကြပြီး ဟဲဟိုးလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

ဟဲဟိုးလေဆိပ်တွင် ဒုတိယဝန်ကြီးနှင့် သံတမန်လေ့လာရေး အဖွဲ့အား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်သောင်းထိုက်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ပြီး လေ့လာရေးအဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့ နာယက၊ စင်ကာပူသံအမတ်ကြီး ခေါင်းဆောင်သော သံတမန်လေ့လာရေးအဖွဲ့ တောင်ကြီးမြို့နယ် ရှေးဟောင်း သမိုင်းဝင် မွေတော်ကက္ကူဘုရားကို လှည့်လည်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အိုင်ဒီယာမဂ္ဂဇင်း မတ်လထုတ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဆူးငှက်၏ကြဲဗှာန်းပျော်အို ရှုလှည့်လေ၊ တာရာမင်းဝေ၏ လူတစ်ယောက်၏ ကျောက်ဖြစ်ရုပ်ကြွင်း၊နေဝင်းမြင့်၏ မီးအိမ်များနှင့် နှစ်ဆယ့်တစ်ရာစုခေတ်၏ လူငယ်များအတွက် ခံစားဖွယ်ရသ၊ မှတ်သားဖွယ် သုတတို့ကို ရေးဖွဲ့ထားသော ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါးများအပါအဝင် နိုင်ငံတကာ အနုပညာရုပ်ရှင်၊ ဖက်ရှင်၊ ကျန်းမာရေး၊ စိတ်ပညာ အလှပုံရိပ်များဖြင့် ဖွဲ့စည်းထားသည့် မတ်လထုတ် IDEA မဂ္ဂဇင်းကို အမှတ်(၁၂၇)၊ မြေညီထပ်၊ ၄၃လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိထားသည်။**(အောက်ပုံ)**(က-ပ)



အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စည်ပင်ဘောလုံးအသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားကြရာစည်ပင်အသင်းက သုံးဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို စည်ပင်အသင်းမှ မောင်မောင်ဌေးက ရရှိသွားသည်။ (သတင်းစဉ်)

သဘင်္ဘောသားသင်တန်း တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မျိုးဆက်သစ် မြန်မာလူငယ်များအတွက် သင်္ဘောများပေါ်တွင် တာဝန်များကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ဝါရင့်အင်ဂျင်နီယာများက သင်္ဘောနှင့် စက်ခန်း ကျွမ်းကျင်မှုသင်တန်း၊ သင်္ဘောစက်ကိရိယာ များထိန်းသိမ်းမှု အခြေခံသင်တန်းနှင့် သင်္ဘောစက်ကိရိယာများ ထိန်းသိမ်းမှု အဆင့်မြင့်သင်တန်းတို့ကို ဖေဖော်ဝါရီ ၂၃ရက်မှစ၍ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် တိုက် ၃၅၂၊ အခန်း (၉)မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။
(က-ပ)

တီးတိန်၊ ဖလမ်းဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၈ရက် နေ့လယ်ပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်နေသည့် ဝေးလံမြို့နယ်များဖွံ့ဖြိုးရေးစီမံကိန်းရုံးသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဘီးတပ်ကုလားထိုင်၊ ရုပ်မြင်သံကြားစက်နှင့် လူနာများအတွက် အနွေးထည်များ ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် တီးတိန်မြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ဖွင့်လှစ်ရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းဆောင်များကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဒေသတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။ထို့နောက်ဆီဆန်မွန်၊ဖာလန်းဆန်ကျေးရွာများအတွက် ရုပ်မြင်သံကြားစက်များ ထောက်ပံ့ပေးအပ်သည်။ ထောက်ပံ့ပေးအပ်ပြီးစီမံကိန်းအစီအစဉ်ဖြင့် စမ်းသပ်စိုက်ပျိုးထားသော ဩစတြေးလျမျိုးပန်းသီးနှင့် ကိုရီးယားမျိုးပန်းသီး စမ်းသပ်စိုက်ခင်းသို့ သွားရောက်စစ်ဆေးသည်။ (က-ပ)

ပုဂ္ဂိုလ်ကျော်တစ်ထောင်အတ္ထုပ္ပတ္တိစာအုပ်တွင် မြန်မာစာဆိုထီလာစစ်သူအား ပုံနှိပ်ဖော်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတကာ ကိုယ်ရေးအတ္ထုပ္ပတ္တိပြုစုရေး ဗဟိုဌာနသည် ပုဂ္ဂိုလ်ကျော်တစ်ထောင် (One Thousand Greats) အတ္ထုပ္ပတ္တိ စာအုပ်ကြီးကို ၂၀၀၃ခုနှစ်ကုန်ပိုင်းတွင် ပုံနှိပ်ထုတ်ဝေခဲ့ရာ မြန်မာနိုင်ငံမှ မြန်မာစာဆိုဦးစိုးညွှန့် (ထီလာစစ်သူ) ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)၏ ကိုယ်ရေးအတ္ထုပ္ပတ္တိပါဝင်ဖော်ပြထားသည်။

မြန်မာစာဆို ထီလာစစ်သူအား ၂၀၀၂ခုနှစ်တွင် နိုင်ငံတကာ ကိုယ်ရေးအတ္ထုပ္ပတ္တိပြုစုရေးဗဟိုဌာနကချီးမြှင့်သော အာရှပုဂ္ဂိုလ်ကျော်တစ်ထောင်နှင့် ၂၁ ရာစုနှစ် ထူးချွန်ပုဂ္ဂိုလ်ကျော်အဖြစ် ဂုဏ်ပြုချီးမြှင့်၍ ဂုဏ်ပြုမှတ်တမ်းများကို အပ်နှင်းခဲ့သည်။

ယင်းစာအုပ်ကြီးတွင် One Thousand Great Asians, One Thousand Great Intellectuals, One Thousand Great Scholars, One Thousand Great Scientists ဟူ၍ ပညာကျော်လေးမျိုး ဖော်ပြထားပြီး နိုင်ငံတကာရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်များ၊ သုတေသနဌာနများက ဝယ်ယူထားရှိကြသည်ဟု သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၅ ၇။ ကံတင်ဘီးလင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၅ ၈။ သီချင်းကြီးပဒေသာ
၆:၅၅ ၉။ တေးဂီတအစီအစဉ်
၆:၀၅ ၁၀။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၆:၁၅ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၂၀ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ Milo Success in Soccer.
၇:၁၀ ၁၆။ ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာ
၇:၂၀ ၁၇။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "ဖွံ့ဖြိုးစည်ပင်စစ်ကိုင်းတိုင်းတစ်ခွင်"
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ (အပိုင်း-၂၉) "တုံ့မယူလို" (ဇာတ်သိမ်းပိုင်း)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

နှစ်လယ် အရောင်းပွဲတော် ပိတ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဟန်မြန်မာ သွင်းကုန်ထုတ်ကုန်လုပ်ငန်းမှ ကြီးမှူးကျင်းပသည့် Falcon Super Lubricants ၏ နှစ်လယ် အရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ၁၀နှစ်ပြည့်မြောက် အထိမ်းအမှတ် ညစာစားပွဲကို ဖေဖော်ဝါရီ ၁၂ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ခ် ရှိုင်ရယ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟန်မြန်မာ သွင်းကုန်ထုတ်ကုန် လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး Falcon Oil Company Limited က Commercial SalesManager မစ္စတာဆိုဟေးမွတ်ချ်တာဘာက ကုမ္ပဏီဖွဲ့စည်းပုံအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ၂၀၀၃ ခုနှစ် နှစ်လယ် ဈေးရောင်းပွဲမှ အကောင်းဆုံး ရောင်းချပေးနိုင်ခဲ့သည့် အရောင်းကိုယ်စားလှယ်များအား ကုမ္ပဏီမှ တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ကြေးမုံ)

ကမ္ဘာ့ဥာန်းတိုက် နှစ်တစ်ရာပြည့် ဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ် ကျောင်းသစ်ကျောင်းသာမည–မိုးကုတ်ဝိပဿနာ ကမ္ဘာ့ဥာန်းတိုက်ကြီး၏ နှစ်တစ်ရာပြည့် ပူဇော်ပွဲမင်္ဂလာနှင့် ကျေးဇူးတော်ရှင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သာမညဆရာတော်ကြီး၏ သုံးလပြည့်အထိမ်းအမှတ် အာစရိယပူဇာဓမ္မသဘင်ကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၇ရက်အထိ ကိုးညတိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဓမ္မပူဇာတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၉ရက်တွင် မော်လမြိုင် ဝဲပုံဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ၊ ၂၀ရက်တွင် အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ၊ ၂၁ရက်တွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ၊ ၂၂ရက်နှင့်၂၃ရက်တွင် မြနှင်းဆီဆရာတော် ဘဒ္ဒန္တ သောဘိတ၊၂၄ရက်နှင့် ၂၅ရက်တွင် သီတဂူဆရာတော်ဘဒ္ဒန္တ ဉာဏိဿရ၊ ၂၇ရက်တွင် သာမည–မိုးကုတ် ဝိပဿနာဆရာတော် ဘဒ္ဒန္တ သောဘန အရှင်သူမြတ်တို့က တရားတော်များ ဟောကြားကြမည်ဟုသိရသည်။ (က–ပ)

ဗျူတီမက်စ်မဂ္ဂဇင်း မတ်လထုတ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အယ်ဒီတာချုပ် နွယ်ဦးလှိုင် စီစဉ် တည်းဖြတ်သည့် Beauty M@xမဂ္ဂဇင်းအမှတ်(၃) (မတ်လထုတ်)အား ဖြန့်ချိထားသည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်း၌ အလှအပ၊ ဖက်ရှင်၊ ကျန်းမာရေးနှင့် သက်ဆိုင်သော ဝတ္ထု၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးများအပြင် လူငယ်များအတွက် ဆရာဦးအောင်သင်း ရေးသော အလှကုန်ပစ္စည်း ကြော်ငြာ၊ ဇော်ဝင်းထွဋ်၊ စိုင်းစိုင်းခမ်းလှိုင်၊ မြေပဲယိုအဖွဲ့တို့၏ ယခုလ ဂီတအကြောင်း၊ ယနေ့နာမည်ကျော် တိုင်းရင်းသားအနုပညာရှင်များ၏ ရိုးရာဝတ်စုံ ဖက်ရှင်အလှ၊ ကိုရီးယားမင်းသားမင်းသမီးချောများ၏ ရောင်စုံအလှဓာတ်ပုံများ ပါဝင်ပြီး နေလစာပေ အမှတ်(၁၈၃) (၃၁) လမ်း ပန်းဘဲတန်း ရန်ကုန် ဖုန်း–၇၀၃၈၂၃ က ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

မြေငလျင်သတင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၁၇ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၁၁မိနစ် ၅၅စက္ကန့်တွင် မန္တလေး မြေငလျင်စခန်း၏ တောင်ဘက် ၁၀မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ဒသမ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

ကွန်ဖူးဗန်ဒိုထိုက်ချီ သင်တန်းများလက်ခံပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဆရာရန်နိုင် ဦးစီးသော Dragon King (နဂါးရာဇာ) ကိုယ်ခံပညာသင်တန်း ကွန်ဖူးပညာနှင့် မြန်မာ့ရိုးရာ အဆင့်မြင့်လျှို့ဝှက် ဗန်ဒို၊ထိုက်ချီချွမ်ပညာများကို အခြေခံမှစ၍ ဆရာဖြစ်အဆင့်ထိ တစ်ဦးချင်းသင်ကြားပေးသည်။ အဆိုပါသင်တန်းမှ အဆင့်မြင့် ခါးစည်းဖြင့် အောင်မြင်သူများအား သင်တန်းအချိန်ပိုင်းနည်းပြအဖြစ် ပြန်လည် တာဝန်ပေးသွားမည့် အစီအစဉ်များရှိသည်။

အမှတ်(၃၆၉) ဗိလ္လာ မဟာဗန္ဓုလလမ်း(၃၈လမ်းနှင့်ဆိပ်ကမ်းသာလမ်းကြား) ကျောက်တံတားမြို့နယ် ဖုန်း–၂၄၄၅၈၃၊ ဝ၉၅ဝ–၁၆၆၂၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၄/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်ခေါ်ယူခြင်းကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူး လျှောက်ထားသူများအနက် အပြီးသတ်လူတွေ့စစ်ဆေးမှု အောင်မြင်သူများ အမည်စာရင်းအား ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၈)ရက်နေ့ (၁၀း၀၀)နာရီအချိန်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်) အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

မြန်မာ့လေကြောင်း။

CII
Confederation of Indian Industry
Embassy of India, Yangon

EXPERIENCE INDIA

MADE IN INDIA SHOW
Yangon, Myanmar

19 - 22 February, 2004
YANGON TRADE CENTRE
10 am to 6 pm

HIGHLIGHTS:
- Focused Business Seminars:
  First Seminar: Across Borders: India-Myanmar Trade & Economic Cooperation
  Second Seminar: ICT Linkages: Connecting India & Myanamar
- One-to-One Business Meetings
- CEOs' Delegation
- Indian Cultural Evening
- Indian Food Festival

EXHIBITION COVERAGE: Agriculture Machinery • Bicycle and Parts • Consumer Durables • Dairy Machinery • Electric Motors and Pumps • Fans • Indian Handicrafts • Handlooms • Garments • Furniture • Finished Leather Products • Kitchen Equipment • Home Furnishings • Cosmetics and Herbal Products • Iron and Steel • Information and Communication Technologies • Industrial Boilers • Jewellery • Machine Tools • Railways • Road Construction • Oil and Gas

For more information and registration, please contact,
Commercial Section, Embassy of India,
545 - 547, Merchant Street, Yangon
Tel: 00 - 951 - 250183, 240633
e-mail: counsecom@indiaembassy.net.mm

Supported by
Department of Industrial Policy & Promotion
Ministry of Commerce & Industry, Government of India

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သောရုံးသုံးစက်များ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

Item	Description	Qty
(၁)	30 KVA/40 KVA Generating Set	2 Nos
(၂)	Computer (With C.D Writer) - Pentium 4-2.4/2.66 GH Processor - 128 MB DDR RAM 40 GB Hard Disk - AGP 32 MB 3D 15" SVGA Digital Color Monitor PS/2 Mouse. PS/2 Key Board 52x CD Rom Drive 800 W Multimedia Speaker	4 Nos
(၃)	Printer(Colour)	4 Nos
(၄)	Flatbed Scanner	1 No
(၅)	Air Conditioner (Window Type)(1.5 HP)	25Nos
(၆)	Air Conditioner (Split Type) (1.5 HP)	6 Nos
(၇)	Pallet Truck (Hydraulic Type)	3 Nos
(၈)	Type Writer (Myanmar) 18"	3 Nos

၂။ တင်ဒါပေးသွင်းမှုကို(၂၇–၂–၂၀၀၄)ရက်(၁၆း၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ နိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သီရိလမ်း၊ အမှတ်(၂၉၄)နေ (ဦးစိန်ထွန်း)–ဒေါ်မြမြတို့၏ သား

ဒေါက်တာမျိုးလွင်ငြိမ်း
M.B.,B.S, M.Med. Sc (Int: Med)
MRCP (UK)D.T.M & H (Lond)
အထူးကုဆရာဝန်ကြီး၊ ကထိက(ဆေးပညာ)
မကွေးတိုင်းပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၄၀/၂)နေ ဗိုလ်မှူးဉာဏ်လင်း(ငြိမ်း)(အုပ်ချုပ်မှုဒါရိုက်တာ၊ လင်းရတနာ ကျောက်မျက်ကုမ္ပဏီလီမိတက်)–ပါမောက္ခဒေါ်အေးအေးမြင့် (ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ သမီး

ဒေါက်တာဆွေမာလင်း (M.B.,B.S)
လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ မင်းဘူးမြို့

တို့၏၁၂–၂–၂၀၀၄ရက်တွင် Dusit Inya Lake Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲနှင့် ၁၄–၂–၂၀၀၄ရက်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာလက်ဆောင်ပေးပို့ကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမျိုးလွင်ငြိမ်း–ဒေါက်တာဆွေမာလင်း။

ကျက်လပ်ပြည့်ပါ

ဘင်္ဂါး

ထူးသွယ်

မျှော်လင့်စောင့်စားနေတဲ့ တေးချစ်ပရိသတ်များအတွက်····
အေးချမ်းပါစေ သကြ်န်ရေ
(သကြ်န်ရေ–၂)
တေးဆို
ရာဇာနေဝင်း၊ Rဇာနည်၊ ဖြိုးကြီး
နိုင်းနိုင်းခမ်းလှိုင်၊ မြေပဲယို၊ ဟိန်းဇော်၊ ဘရိတ်ကီ၊
မို့မို့ဇော်ဝင်း၊ ယုဇန၊ ဆုန်သင်းပါရ်
NO၊ ရွှေထိုက်၊ ခင်ဘုဏ်း
Tape၊ CD
၂၀–၂–၂၀၀၄ရက်နေ့ စတင်ဖြန့်ချိမည်။
VCD သကြ်န်ပုံရိပ်များကို မကြာမီဆက်လက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း။

သဲအင်းဂူ ဓမ္မဗိမာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလ သဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ သမထ ဝိပဿနာတရားတော်များကို သြဝါဒါစရိယနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း) အရှင်သူမြတ်က ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ခုနစ်ရက် တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၂၁ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်တကွ လာရောက်စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း/နေ့ဆွမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ကျေးလက် မြေသားလမ်းဖွင့်ပွဲ ကျင်းပ

စဥ့်ကူး ဖေဖော်ဝါရီ ၇

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးသော ကြို့ပင်-ကျောက်တိုင်-ဝါးရုံကုန်း မြေသားလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျောက်စွာ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတောက်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျောက်စွာက နှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က လမ်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ယင်းမြေသားလမ်းသစ်ကို စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျောက်စွာနှင့် အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ငွေကျပ် ၂၅ သိန်းတန် ကျောင်းဆောင်သစ် လှူဒါန်း မြို့နယ်ပညာရေးမှူးသို့ ကျောင်းဆောင်သစ် ပေးအပ်

ရေနံချောင်း ဖေဖော်ဝါရီ ၁၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ တောင်တမံတိုက် အေးကျောင်းဆရာတော် ဦးဝိသာရဒက ရေနံချောင်းမြို့နယ် ချောင်းဆုံအုပ်စု ဆေးပုလဲတောကျေးရွာ အမှတ်(၉၄) အခြေခံပညာ မူလတန်းကျောင်းသို့ ကျပ် ၂၅ သိန်းတန် ပုလဲကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ဆေးပုလဲတောကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အလှူရှင် အေးကျောင်းဆရာတော် ဦးဝိသာရဒက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းအကြောင်းကိုလည်းကောင်း၊ ဆေးပုလဲတော ဆရာတော် ဦးသြဘာသက ကျောင်းဆောင် ဆောက်လုပ်ရေး ဆောင်ရွက်ခဲ့ခြင်းများနှင့်စပ်လျဥ်း၍လည်းကောင်း ရှင်းလင်းမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က အသီးသီးအမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ အလှူရှင်အေးကျောင်းဆရာတော်က ကျောင်းဆောင်သစ်နှင့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်ပြီး အဆိုပါကျောင်း၌ အသုံးပြုရန်အတွက် တိုင်ကပ်နာရီတစ်လုံး လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ **(က-ပ)**

ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပ

သီပေါ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍မိခင်နှင့်ကလေးများ ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်က ပန်စောက်မိန်းကျေးရွာအုပ်စု နောင်အိန်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရိုန်က အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ကြင်မီ၊ အမှုဆောင် ဒေါ်မြင့်မြင့်သိန်းနှင့် အမှုဆောင် ဒေါ်ခင်သန်းဝင်းတို့က အသီးသီးဟောပြော ဆွေးနွေးကြသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရိုန်က ပန်စောက်မိန်း ကျေးရွာအုပ်စုတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဖွဲ့စည်းရေးတို့ကို ဆွေးနွေးမှာကြားပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၂၄၇)**

ပေးအပ်ချီးမြှင့်

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပရာ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် သုံးဘာသာဂုဏ်ထူးရရှိသော မဇင်မာလွင်အား အသင်းဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း(ငြိမ်း)နှင့် အမှုဆောင်များက ဆုငွေများနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)



မြို့နယ်သတင်းများ

ပြည်ထောင်စုနေ့ဂုဏ်ပြု ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

လှိုင်လင် ဖေဖော်ဝါရီ ၁၄

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဆေးရုံအုပ်ကြီးရုံးခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့အား အမှူးထား၍ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုများက ကျပ်တစ်သိန်းတစ်သောင်းတန် ခွဲစိတ်ခန်းသုံး မီးစလောင်းတစ်ခု၊ တပ်ရင်းမှူး ဗိုလ်မှူးခင်မောင်ဦးနှင့် ဇနီး ဗိုလ်ကြီး ဒေါ်ဝင်းမာလှိုင်(ငြိမ်း) မိသားစုတို့က ကျပ်ကိုးသောင်းတန် ကလေးချွဲစုပ်စက်တစ်လုံး၊ တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်ဝင်းနှင့် ဇနီး ဒေါ်နန်းမေလွင် မိသားစုတို့က ခွဲစိတ်ခန်းသုံး မီးစလောင်းတစ်ခုတို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်း ဖောင်တော်သီရွာမရှေးဟောင်း ဗုဒ္ဓဂယာ သတ္တဋ္ဌာနဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်၊ ၁၂ ရက် (ဖေဖော်ဝါရီ ၂၇ ရက်၊ ၂၉ ရက်) ညများတွင် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး တပေါင်းလဆန်း ၁၃ ရက်၊ ၁၄ ရက် ညများတွင် တရားပွဲများ ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။ **(က-ပ)**

နန်းတော်ရပ်ကျေးရွာ စက်ရေတွင်းဖွင့် စည်ပင်ရန်ပုံငွေကျပ် ၁၂သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့

ပခုက္ကူ ဖေဖော်ဝါရီ ၁၀

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပခုက္ကူမြို့နယ်၊ မြင်းဝင်းကျေးရွာအုပ်စု၊ နန်းတော်ရပ် ကျေးရွာစက်ရေတွင်း ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး စက်ရေတွင်းအား ပခုက္ကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

စိုက်ထုတ်သုံးစွဲ

ပခုက္ကူမြို့နယ်အတွင်း စက်ရေတွင်းတူးဖော်ခြင်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စိုက်ထုတ်သုံးစွဲငွေကျပ် ၄၄၈ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ နန်းတော်ရပ်ကျေးရွာ စက်ရေတွင်းကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၂၁၉၈၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ပြီးကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက်က မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်း ကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်သူက ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်ငြိမ်းထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

အာစရိယပူဇော်မည်

သထုံ ဖေဖော်ဝါရီ ၁၅

သထုံမြို့ အထက(၂)တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၏ မိုးမခဆောင်၊ လှမဉ္ဇူခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပူဇော်ပွဲ တက်ရောက်ကြရန်နှင့် ကျောင်းအုပ်ကြီး ဖုန်း ၀၅၇-၄၀၀၅၅၊ ဒေါ်ခင်သန်းနွဲ့ ၀၁-၂၂၀၅၀၈၊ ကိုကျော်မင်းထွေး ၀၁-၂၈၄၉၁၈၊ ဦးကိုကြီး ၀၅၇-၄၀၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နတ်မောက်-တောင်တွင်းကြီး ကားလိုင်းသစ်ဖွင့်

နတ်မောက် ဖေဖော်ဝါရီ ၁၃

နတ်မောက်မြို့-မြို့သစ်မြို့-တောင်တွင်းကြီးမြို့ မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ရန်အောင်မြင် ကားဂိတ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ဖွင့်လှစ်ပေးသည်။ ယင်းနတ်မောက်-မြို့သစ်-တောင်တွင်းကြီး မော်တော်ယာဉ်ကားလမ်းမှာ နှစ်ပေါင်းလေးဆယ်ခန့် မသွားလာနိုင်ခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။ **(၁၉၈)**

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စက်မှုဇုန်များ၏ ဘတ်စ်ကားများနှင့် ကုန်တင်ထရပ်ကားများ ထုတ်လုပ်မှုတွင် အသုံးပြုရမည့် အောက်ဖော်ပြပါ မော်တော်ယာဉ်စက်ပစ္စည်းအစိတ်အပိုင်းများ (Fully Reconditioned and Brand New)ကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်–

အမှတ်စဉ်	စက်ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	For Bus	281 Sets
	-Engine with Transmission (NISSAN FE 6-185 HP/ FUSO 6D 15/HINO HO 7 C or HO 7D (Compressor Fitted)	
	-Radiator, Front Axle, Rear Axle (Ratio 5.5:1), Servo Brake Complete Set, Propeller Shaft & Universal Joint, Power Steering Complete Set, Dash Board Complete with Instrument Panel Set.	
	-Makers must be FUSO or HINO or NISSAN or ISUZU.	
(ခ)	For Trucks	
	-Engine with Transmission (NISSAN PF 290/PF 380/ PE 6 TURBO INTERCOOLER/ RESONA)for - 2Axle-6 whell, 4 x 2 Drive	322 Sets
	-Engine with Transmission (NISSAN PF 290/ PF 350/ PE 6 TURBO INTERCOOLER/ RESONA) for	
	-3Axle- 10 wheel, 6 x 2 Drive	440 Sets
	-3 Axle- 10 wheel, 6 x 4 Drive	50 Sets
	-4 Axle- 12 wheel, 8x 2 Drive	60 Sets
	-Radiator. Front Axle, Rear Axle (Ratio 5.5:1), Servo Brake Complete Set, Propeller Shaft & Universal Joint, Power Steering Complete Set, Dash Board complete with Instrument Panel Set, For Each type of truck.	
	-Follow Axle without crown set for 3 Axle-10 wheel, 6 x 2 Drive	
	-Makers must be FUSO or HINO or NISSAN or ISUZU.	

၂။ တင်ဒါများကို ၂၇–၂–၂၀၀၄ရက်နေ့ မွန်းတည့် ၁၂:၀၀နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်းပေးသွင်းရပါမည်–

အတွင်းရေးမှူး
မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
အမှတ် ၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ သိရှိလိုသည့်အချက်များရှိပါက မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရုံးအဖွဲ့၊ ဖုန်း–၅၆၆၀၆၃၊ ၅၆၆၂၆၉၊ ၅၆၂၆၂၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၂ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် **"ငါသူတစ်ပါးယောကျ်ားမိန်းမ"** ဇာတ်ကားဖြင့် အကောင်းဆုံး ဇာတ်ကားဆုရရှိသွားသည့် ကျောက်တန်းမြို့နယ်အသင်းရာသက်ပန်အသင်းဝင်များဖြစ်ကြသော ကြယ်တံခွန်ရုပ်ရှင် **ဒေါ်စန်းစန်းဆွေ**နှင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရရှိသူ **ခင်ဇာခြည်ကျော်**တို့အား ချီးကျူးဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကျောက်တန်းမြို့နယ်အသင်း
အမှုဆောင်အဖွဲ့။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၇၉)နေ
ဦးဟန်ကြည်[စားထွေ/မန်နေဂျာ၊ ငြိမ်း]–ဒေါ်ဝါဝါခင်တို့၏သားကြီး

မောင်မင်းဟန် (ခ) မောင်မင်းဟန်ကြည်

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၃)လမ်း(မြောက်)၊
အမှတ်(၁၁၆)နေ
ဦးသိန်းအောင် – ဒေါ်ကျင်ပိုတို့၏သမီးထွေး

မပိုပိုအောင် M.Sc(Maths)

တို့၏ ၈–၂–၂၀၀၄နေ့တွင် Royal Garden Restaurant၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးရင်နှင့်ဇနီး၊ ပညာရေးတက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ ဒေါ်ခင်ဝင်းကြည်နှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော မန္တလေးဆေးတက္ကသိုလ် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမျိုးဦးနှင့်ဇနီး ဒေါ်မွေးမွေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မဇင်နွယ်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဗန်းကိုင်ဆောင်ပေးသော မအေးသန္တာမိုး၊ သတို့သား၊ သတို့သမီးအရန်အဖြစ်ဆောင်ရွက်ပေးကြသော မောင်မျိုးကျော်ထူးနှင့် မအိစုစုစံ၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော အဆိုတော်ဟေမာနေဝင်းနှင့် C-4 တေးဂီတအဖွဲ့၊ မေတ္တာဖြင့်ပန်းအလှဆင်ပေးသော နှင်းနှင်း (Floral Service)၊ မိတ်ကပ်ဆံပင် အလှဆင်ပေးသော အောင်အောင်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မဋ္ဌူ(အင်းလျား)၊ ဓာတ်ပုံ ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ Royal Garden Restaurantမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းဟန် – မပိုပိုအောင်။

ရွှေထူးလှိုင်

ပေါင်းစပ်မှုရေးပြည့်မီ နတ်မိုးကူးမှ

မော်ဆရာမှတ်တမ်း

ကိုကိုလေး

Innocent love

ရတနာပုံ၏

FIDELIO Hotel Management
Software Application Course

- Reservations
- Front Desk
- Housekeeping
- Rooms Management
- Night Audit
- Cashier

MCC

No. 8, No. 10, 12 (4 mm∅, 3.25 mm ∅, 2.5 mm ∅)

E-mail Address: mfw.min@myanmar.com.mm

ဆူးလေစင်တာဖိနပ်ဆိုင်

အမှတ်(204/208)၊ ... ရန်ကုန်မြို့။ ☎ 252804, 283359

FAME

NEUROGIN®

GMP & ISO 9001:2000

■ NEUROGIN ဆေးတစ်တောင့်လျှင် *Ginkgo biloba* standard leaf extract (EGb 761) 60 mg ပါဝင်သဖြင့် တစ်နေ့လျှင် ဆေးတောင့်နှစ်တောင့်သာ သောက်ရန်လိုပါသည်။

■ ပိတ်နေသောသွေးကြောလေးများကိုဖွင့်ပေးပြီး ဦးနှောက်အစိတ်အပိုင်းများအတွင်း အထူးသဖြင့် ဦးနှောက်နှင့်အာရုံကြောများသို့ သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပါသည်။

■ ဦးနှောက်သွေးကြောပိတ်၍ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်မလှုပ်နိုင်ခြင်း ... မှတ်ဉာဏ်ချို့ယွင်းခြင်းတို့ကို သိသာစွာသက်သာ ပျောက်ကင်းစေပါသည်။

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

(Germany) (France) (Switzerland) (China) (Myanmar)

AMIGO

TRAVEL SERVICE

HOTEL

(THIRIPYITSAYA SKURA LOGE)

(HOTEL MAX)

e-mail: amigo@mail2spain.com

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်မြင့်ဌေး(ခ)မောင်ထွန်းလင်း [၁၂/လသန(နိုင်)၀၀၀၄၈၉] သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိ၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်သည်။ (၎င်းပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ)။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **မိခင် - ဒေါ်ဌေးကြည်[၁၂/လသန(နိုင်)၀၀၉၀၉၉]။**

ဓမ္မဒူတ အရှင်ဆေကိန္ဒ

အာသိရှိလေချမ်းသာလေ

(တရားတော် VCD)

El Dorado

ZENITH

OD Tour

Feb 28(Flight), Feb28(Boat)/Coach

Feb 28, Mar 2

Feb 28,29, Mar 2

Feb 28, Mar 2

OD Style

No.52

09-5003646,

☎: 382323, 382337, 251230, 681310, 728282, 660283, 02 - 80227

အမည်ပြောင်း

ဦးသန်းလွင်-ဒေါ်စိုးစိုးတို့၏သား အလက(၃)၊ ပြည်မြို့၊ သူငယ်တန်းမှ မောင်ဝေယံမင်းအောင်အား ယနေ့မှစ၍ မောင်လျှမ်းဝင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးကျော်ဇေယျ၏သား ဒေးဒရဲမြို့ အထက(၁)၊ အဋ္ဌမတန်း(B)မှ မောင်ဆက်အောင်ရှိန်းအား မောင်ပိုင်သူကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပိုင်သူကို။

ကျေးဇူးဆပ်ပါမည်

အဘ ဦးလုပ်ပန်း၏သမီးဖြစ်သူ မမိုးမိုး၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(၂၅၃၃၂၂)သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉၅၀၆၈၈၈၈။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်(၃၄/၅-အေ)၊ ဧရိယာ(၀ဒသမ၁၅၀)ဧကရှိသောမြေပိုင်မြေကွက်နှင့် မြေကွက်အမှတ်(၃၄/၅-ဘီ)၊ ဧရိယာ (၀ ဒသမ ၁၄၅)ဧကရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်(၁၆)၊ ပြည်တော်အေးရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်တိုက်အိမ်မှာ သက်ဆိုင်ရာဌာန၌ ဦးအုန်းမောင်အမည်ပေါက်နေပြီး ၎င်း၏အမွေဆက်ခံသူ ဒေါ်သီတာပြုံး [၁၂/ရကန(နိုင်)၀၂၇၉၂၆]ပါ (၆)ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေပိုင်မြေကွက်နှင့်တိုက်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)

တရားရုံးချုပ်ရှေ့နေများ

အမှတ်(၅၅)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း

ရုံးဖုန်း-၃၇၁၇၁၇၊ ၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁။

E;mail-khinyunt@baganmail.net.mm

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒေဥပဒေအမိန့်-၅၊ နည်းဥပဒေနှင့်၅)

ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး၊ ပြည်မြို့တရားမရုံး၌

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးစိုးမြင့် နှင့် ၁။ဦးမောင်မောင်အေး
၂။ဦးတင်ဝင်း၊ ၃။ဒေါ်ခင်မေစန်း
၄။ဦးထိန်ဝင်း

တရားလို **တရားခံ**

ဦးတင်ဝင်း၊ အမှတ်(၃၈၇)၊ ပွဲစားလမ်း၊ ရွှေကူတောင်ပိုင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း) ယခုလိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးမြင့်က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် မတ်လ ၄ရက် (၁၃၆၅ခုနှစ် တပေါင်းလ ဆန်း ၁၄ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိန်လင်း
တိုင်းတရားသူကြီး
ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး
ပြည်မြို့။

မာယဝါဒီစိတ်

ဆ ... ၏

NEW MOTION TRAVELS CO., LTD.
Air Bag, Airport Bus, Standard Hotel, Restaurant, Medical Care, Guide Service.
Feb: 28, Mar:4 Feb: 28, Mar:4
Feb:28 Mar:5 Feb: 20
Ph: 728 798, 537 024

စံပြမှူကြို
မူကြိုဆရာဖြစ်သင်တန်း
စံပြမှူကြို ဆရာဖြစ်သင်တန်း အပတ်စဉ်(၄)ကို ၁၂၊၃၊၂၀၀၄ မှ ၃၄၊၂၀၀၄အထိ၊ အပတ်စဉ်(၅)ကို ၂၂၊၄၊၂၀၀၄မှ ၁၅၊၅၊၂၀၀၄အထိ ဖွင့်လှစ်မည်ဖြစ်သည်။
သင်တန်းတက်ရောက်လိုသူများသည် ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (ဖုန်း-၅၂၇၀၅၃)

ဝန်ထမ်းအလိုရှိသည်
1. Personal Assistant
2. Assistant Export Manager
3. Marketing Manager

အများသိစေရန်ကြေညာချက်

မောင်ခွန်တူးမင်း[၉/ခမစ(နိုင်)၀၁၆၄၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဘုန်းကြီးစီး၊ လူကြီးစီး၊ ကလေးစီး၊ ကျားစီး၊ မစီး ဖိနပ်အမျိုးမျိုးကို "မြမြတ်ချယ်" ကုန်အမှတ်တံဆိပ်ဖြင့် တစ်ဦးတည်းမူပိုင် မှတ်ပုံတင်ပြုလုပ်မည်ဖြစ်ပါသဖြင့် မူလယင်းကုန်အမှတ်တံဆိပ်မှတ်ပုံတင်ထားပြီးသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်ပါရန်နှင့် ကန့်ကွက်သူမရှိပါက ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်၍ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စန်းစန်းမြင့်(အင်းမ)
B.A(Law).,LL.B.,D.B.L
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအကြံပေး
အမှတ်-၂/၆၊ ဇေယျာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကွယ်လွန်သူ ဦးဂျွန်သက်ကြီး၏ပစ္စည်းများအား ရောင်းချခြင်း၊ အမည်ပြောင်းခြင်းအတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရ ခွင့်ပြုပါရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၄

ဒေါ်ပနဲလပီသက်ကြီး(ခ)ဒေါ်မြသက်စု
အမှတ်-၁၇/ဦးလူနီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။] လျှောက်ထားသူ

ကွယ်လွန်သူ ဦးဂျွန်သက်ကြီး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်ပတ်သက်သော အမှုအရေးတွင် သက်ဆိုင်သူများကို သိစေထိုက်သည်။

အထက်အမည်ပါလျှောက်ထားသူက ကွယ်လွန်သူ ဦးဂျွန်သက်ကြီး၏ ကျန်ရစ်သောပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၂၂-၁-၁၉၈၈နေ့တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ ကွယ်လွန်သူ ဦးဂျွန်သက်ကြီး၏ ကျန်ရစ်သောပစ္စည်းများအပေါ် စီမံခန့်ခွဲပိုင်ခွင့်နှင့် ရောင်းချခွင့်တို့ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇အရ လျှောက်ထားလာရာ ၎င်း၏လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့ (၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၇ရက်နေ့) နံနက် ၉:၃၀နာရီတွင် ကြားနာစစ်ဆေးရန်ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော ကွယ်လွန်သူ ဦးဂျွန်သက်ကြီး၏ ပစ္စည်းရေးကိစ္စတွင် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါ ရုံးချိန်နေ့တွင် ရုံးသို့လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

50% OFF for 2 days
18-19 February 2004
1. အင်တာနက်နှင့် အီးမေးလ်အခြေခံသင်တန်း
2. Web Developer Course
3. JAVA Professional Course
4. IADCS (NCC)
MCC
Java

တိုက်ခန်းသစ်နှစ်ချုပ်ငှားမည်
၁၂'x၄၀'၊ ၃၉လမ်း၊ အထက်လမ်း၊ ရေ၊ မီး၊ ဖုန်းပါ။ ကိုယ်ပိုင်မီတာ၊ ရုံးခန်းအတွက်သင့်တော်သည်။
ဆက်သွယ်ရန်ဖုန်း-၂၈၄၅၅၇။

☎ 650823, 725317
SE SPRINTER 83MOD
1.5
AIR CON

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်-၆၅

ဦးလှစိုးလွင် နှင့် **ဦးအောင်ခင်+၆ ဦး**
[ကွယ်လွန်သူတရားရှုံးအမှတ်(၁)
ဦးစောလှိုင်၏တရားဝင်ကိုယ်စားလှယ်များ]
ပါ(၁၅)

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁၆တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးလှ၊ ဒေါ်ရွှေဆင်(ခ)ဒေါ်ဆင့်တို့၏ ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင်ပါရှိသည့် ပစ္စည်းများ၏ ၄/၂၄ ပုံကို တရားနိုင်က ရယူရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဖော်ပြပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၂၃)၊ မြေချိန်ဧရိယာ(၀.၁၁မ၉၅၇)ကေရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၄၈၅)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ [ယင်းဥပစာသည် ပြည်လမ်းမကြီးနှင့် နာနတ်တောလမ်းထောင့်တွင်တည်ရှိပြီး တရားရှုံး ဒေါ်လှခင်မကြီး နေထိုင်လျက်ရှိသည်။]

ကြမ်းခင်းဈေး - ကျပ်သိန်း (၁၂၀၀၀)
လေလံတင်ရောင်းချမည့်နေ့ရက် - ၂၀၀၄ခုနှစ် မတ်လ (၁၈)ရက်။
လေလံတင်ရောင်းချမည့်အချိန် - နံနက်(၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ - ယင်းပစ္စည်းတည်ရာအရပ်

၂။ရန်ကုန်မြို့၊ ကြည့်မြင်တိုင်တိုက်နယ်၊ ကြေးတိုင်အမှတ်-၂၉၊ ရပ်ကွက်အမှတ်-၂၈စီ၊ မြေကွက်အမှတ်-၄၈၊ ဧရိယာ(၀.၁၁မ၀၂၉)ကေရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၆၃)ဟု ခေါ်တွင်သော အိမ်။ [တရားရှုံးအမှတ်(၃) (၄) (၅)တို့ နေထိုင်သည်။]

ကြမ်းခင်းဈေး - ကျပ်သိန်း(၃၅၀)
လေလံတင်ရောင်းချမည့်နေ့ရက် - ၂၀၀၄ခုနှစ် မတ်လ (၁၉)ရက်။
လေလံတင်ရောင်းချမည့်အချိန် - နံနက် (၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ - ယင်းပစ္စည်းတည်ရာအရပ်

မြတ်ဆုမွန် ဝီစီဒီ ...
(TAPE/ CD/VCD)

အောင်သရဖူ GCE သင်တန်း
Commencing Date : February 2004
☎ 212357, 252821

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှပြင်ဆိုင်တို့ပူးပေါင်းဖွင့်လှစ်မည့် မိတ်ကပ်/ဆံပင်အလှပြင်သင်တန်း

တက်ရောက်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၂-၃-၂၀၀၄
သင်တန်းဖွင့်လှစ်မည့်နေရာ - (၂၈၃)၊ လမ်း(၄၀)၊ အထက်ဘလောက်
သင်တန်းအချိန် - နံနက် ၈ နာရီမှ နေ့လည် ၁၂ နာရီ (အင်္ဂါမှစနေ)
သင်တန်းကာလ - (၃)လ
လက်ခံမည့်သင်တန်းသူဦးရေ - (၂၀) ဦး အမျိုးသမီးများသာ
လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၉-၂-၂၀၀၄

သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀ိ)နှုန်းဖြင့် အောက်ပါလိပ်စာတွင် တစ်ဦးလျှင် တစ်စောင်နှုန်းသာ ဝယ်ယူနိုင်ပြီး ၂၇-၂-၂၀၀၄နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

အတွင်းရေးမှူး၊ စီးပွားရေးလုပ်ငန်းအဖွဲ့
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
"သီတာ"ဓာတ်ပုံဆိုင်
အမှတ်(၅)၊ တိုက်(၁)၊ အင်းစိန်လမ်း၊လှည်းတန်းမီးပွိုင့်အနီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မခင်သန္တာထွန်း (First Year - Eco)

စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)

ချစ်သမီးလေး ကွယ်လွန်ခဲ့သည်မှာ ၁၈-၂-၂၀၀၄ရက်နေ့တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ သမီးလေးအတွက် ပြုလုပ်ခဲ့သမျှသော ကောင်းမှုကုသိုလ်များအား အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဖေဖေ - ဦးမာရီပါး
မေမေ - ဒေါ်အုန်းရီမိသားစု
အမှတ်(၂၁)၊ ထန်းနှစ်ပင်ကျောင်းလမ်း၊ သန်လျင်။

အမည်ပြောင်းခြင်း

အဘ ဦးသက်နိုင်ဦး၏သမီး မင်္ဂလွန်း (အထက)စတုတ္ထတန်းမှ မဆုသက်နွယ်အား မဆုသက်သက်အောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဆုသက်သက်အောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းရေယာဉ်အုပ်လက်မှတ် ဆဒ-၅၃/၉၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

ဇော်ဝင်း ဖုန်း-၂၉၃၂၀၁။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ဝုန်ဇမ်းကျိန် [၁၂/သဃက(နိုင်)၀၆၄၆၄၈]၏ နိုင်ငံကူးလက်မှတ်(၄၄၃၆၃၁)နှင့် သမီးမကျိန်လန့်မန်၏နိုင်ငံကူးလက်မှတ် (၂၁၉၉၇)တို့မှာ ခရီးသွားရာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါ။

ဒေါ်ဝုန်ဇမ်းကျိန်
ဖုန်း-၂၉၆၇၉၉။

ဦးလှဝေစိုး(ခ)ဦးမိုး အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ ဦးဂွယ်လမ်း၊ စမ်းချောင်းနေ ဦးခင်စိုး(ညွှန်မှူး၊ ငြိမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)-ဒေါ်မြင့်မြင့်တို့၏ သားကြီး၊ ဦးပြည်စိုး-မလှရွှေ (ရွှေတံခွန်မြန်မာဆေး၊ မြေနီကုန်းပလာဇာ)၊ဦးသက်မောင်ဦး(TMO Co., Ltd)- ဒေါ်ဆွေဆွေဦး၊ ဦးကိုကိုဇော် - ဒေါ်သန်းသန်းဌေး၊ ဦးအေးချို(Sr. E/E NSSPL) - ဒေါ်မြတ်မော်စိုး၊ ဒေါ်မြတ်ဥမ္မာစိုး (TWJS)တို့၏ အစ်ကိုကြီး၊ ကိုကိုဦး၊ အိဖြူဇော်၊ ပြည့်ဖြိုးဇော်တို့၏ဘကြီးသည် ၁၄-၂-၂၀၀၄(စနေနေ့) နံနက်၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်ရဖီး (ခ)ဦးတင်ဌေး အသက်(၆၁)နှစ်

ဆ-လ-ရ(ငြိမ်း)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နေ (ဆရာကြီး ဦးအလီ-ဒေါ်ခင်ရွှေ)တို့၏ ဒုတိယသား၊ ဒိုက်ဦးမြို့နယ်နေ (ဦးပိန်-ဒေါ်သန်းမြင့်)တို့၏ သားသမက်၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ တိုက်(၃)၊ အခန်း(၀၀၁)၊မြေညီထပ်နေဒေါ်ခင်စန်း၏ခင်ပွန်း၊ Top ဂျင်နား(TV, Videoရောင်းဝယ်ရေး)-မလှလှဝင်း၊ ကိုဇော်ဦး-မဝင်းဝင်းအေး၊ ကိုစိုးသိန်း-မတင်တင်ညို၊ ကိုတင်ဦး-မယမင်းဖြိုး၊ မသီတာ (တတိယနှစ်၊ စီးပွားရေး-ဒဂုံတက္ကသိုလ်)တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၄-၂-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုနမားဇ်အပြီးဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူမိခင်ကြီးဒေါ်အမာကြည် (ရွှေပင်ဆင့်အထည်ဆိုင်၊ မင်္ဂလာဈေး) မကျန်းမာစဉ်မှစ၍ မေတ္တာ၊ ကရုဏာဖြင့် ကြီးကြပ်ကုသပေးခဲ့သော မေ့ဆေးဆရာဝန်ကြီးနှင့် ဇနီးတို့အား လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ တွေ့ဆုံအားပေးကူညီပို့ဆောင်ကြသောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊အနယ်နယ် အရပ်ရပ်မှ ကြေးနန်းဖြင့် တစ်ဖုံ၊ တယ်လီဖုန်းများဖြင့်တစ်သွယ် မေးမြန်းအားပေးနှစ်သိမ့်ကြသော မိတ်ဆွေများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူရွှေပင်ဆင့်မိသားစု မင်္ဂလာဈေး။**

ကားစီးလုံးငှားသည်
CRANE
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်သည်
538535,708569,
09-5002018

ကား - စီးရန်
Golden Hope Int'l Ltd.
☎-202377,703220

ကလေးနာမည်ပေး
ဆရာကြီးရာစာဇော်ဝင်း
(LL.B.)နှင့်ဆက်သွယ်ပါ။
☎01-375822
တိုက်(၂၃၀)၊(ပ)ထပ်၊လမ်း(၃၀)၊
အထက်ပန်းဘဲတန်း၊ရန်ကုန်မြို့။

PENGUIN MILLENNIUM
1st Year -> Final
Tel: 53 73 73

ဒေါ်ခင်ညွန့်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၆၁)၊ ဦးဘဟန်လမ်းသွယ်နေ ဦးမောင်မောင်စိုး-ဒေါ်ခင်ကြည်လှိုင်တို့၏အဘွား၊ ဦးသက်ထွန်း-ဒေါ်ခင်သစ်လွင်၊ ဦးမြတ်သောင်း-ဒေါ်ဝင်းဝင်းမော်တို့၏ ဘွားကြီး၊ မမေအေးဟန်၊မမြတ်ဝတ်ရည်၊ မောင်သန်းမင်းထိုက်၊မအိသဉ္ဇာလှိုင်(ခ)ဇွန်မ၊မောင်ဆန်းထွန်းအောင်တို့၏ အဘွားဘွားကြီး ဒေါ်ခင်ညွန့်သည် ၁၅-၂-၂၀၀၄ရက်တွင် ကွယ်လွန်၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။(၂၁-၂-၂၀၀၄ရက် နံနက်၇နာရီမှ ၁၀နာရီအထိ ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ဦးလှဝေစိုး(ခ)ဦးမိုး အသက်(၅၂)နှစ်

ရန်ကုန်မြို့၊အမှတ်(၁၁)၊ဦးဂွယ်လမ်း၊ စမ်းချောင်းနေ ဒေါ်အမာ၏မြေး၊ ဦးခင်စိုး(ညွှန်မှူး၊ ငြိမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)-ဒေါ်မြင့်မြင့်တို့၏ သားကြီး၊ မြစ်ကြီးနားမြို့နေ (ဦးလဘန်ဂန်) (အရာခံဗိုလ်၊ငြိမ်း)-ဒေါ်ခွန်းရီတို့၏သားသမက်၊ ဒေါ်လွင်လွင်စိုး၏ခင်ပွန်း၊ မဝင့်ရှုပါစိုး(ILBC မြစ်ကြီးနား)၊ မဝတ်ရည်စိုး (VIII-A အထက-၂၊ စမ်းချောင်း)၊ မတင်မမ (VI-B အထက-၃၊စမ်းချောင်း)၊ တို့၏ဖခင် ဦးလှဝေစိုး(ခ)ဦးမိုးသည် ၁၄-၂-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

မောင်ကိုးမောင်(၃၄)နှစ်

ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း၊ အမှတ်(၂၉)နေ ရာသက်ပန်အသင်းဝင် ဦးအေဝမ်း(ခ)ဦးမြတ်စိုး၏သားသည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာရဲဝင်းမောင်၏ဖခင် ဦးခင်မောင်လေး အသက်(၇၈)နှစ်သည် ၁၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အိုအီးစီအစာအိမ်၊ အူလမ်းကြောင်းအထူးကုဆေးခန်း၊
Sea Lion Co.,Ltd။

ဝမ်းနည်းကြေကွဲခြင်း
ဦးအေး (၇၂)နှစ်
Sea Lion Electronic

မန္တလေးမြို့နေ ဦးမောင်မောင်-ဒေါ်ဌေးဌေးမြင့်(ပြည်ကျော်ပလတ်စတစ်)၏ ညီ၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်ဝင်းယုသန်း(ဒေါ်ဝင်းအထည်ဆိုင်)၊ ဒေါ်လှလှအေးတို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း ဦးအေးသည် ၁၄-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

စိန်ဂေဟာမိသားစု၊ ပါဝါရွှေဆိုင်။

ဝမ်းနည်းကြေကွဲခြင်း
မစုမြတ်ဝင်း (၂၈)နှစ်
B.Sc (Botany) (Q), D.A, D.B.S (L.C.CI,U.K)
Director (Climax Business Group Co.,Ltd)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းတောင်ပိုင်း၊ အမှတ်(၄၀၃)နေ ဒေါက်တာဦးရဲဝင်း-ဒေါ်မြရီတို့၏သမီး မစုမြတ်ဝင်းသည် ၁၅-၂-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ဝမ်းနည်းကြေကွဲရပါသည်။

ကိုအာကာမြင့်နှင့် ဝန်ထမ်းများ၊
Climax Business Group Co.,Ltd။

ဗိုလ်မှူးစောဝင်း(ငြိမ်း)
အသက်(၅၇)နှစ်
ဗိုလ်သင်တန်းအပတ်စဉ်(၄၆)
ဒုတိယညွှန်ကြားရေးမှူး
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
မော်လမြိုင်မြို့

ခနဖြူမြို့၊ ကမ်းနားလမ်းနေ (ဦးကြည်-ဒေါ်ညွန့်စိန်)တို့၏ သား၊ ဒေါ်ခင်သန်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းထွန်းလွင်-မထားထားမူဝင်း၊ (ဗိုလ်တင့်နိုင်ဦး)၊ မမြတ်သန္တာဝင်း(တတိယနှစ်၊ Zoo.မော်လမြိုင်တက္ကသိုလ်)၊ မနန္ဒာဝင်း(ပထမနှစ်၊ မော်လမြိုင်GTC)တို့၏ ကျေးဇူးရှင်ဖခင် ဗိုလ်မှူးစောဝင်း(ငြိမ်း)သည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) ညနေ ၅:၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဘုန်းကျော်မျိုး(၃၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၂၉၈)၊ ကျိုက္ကဆံလမ်းနေဦးမျိုးဆွေ-ဒေါ်ခင်သိန်းတို့၏သား၊ ကိုတင်မောင်မြင့်-မမာမာဆွေ၊ကိုသိန်းထွဋ်-မမော်မော်ဆွေ၊ မဝါဝါဆွေတို့၏ မောင်၊ မမျိုးမျိုးမြင့်၏ ခင်ပွန်း၊ မယွန်းရွှေရည်ဦး၊ မကြွယ်ဖြူစင်ဦး၊ သားသားလေးတို့၏ ဖခင်သည် ၁၆-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၈:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်ဝင်း (၃၉)နှစ်
(ဘိုကလေး)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၁၅၁)၊ ဒုတိယထပ် ညာဘက်ခန်းနေ (ဦးဘအောင်-ဒေါ်စောလှိုင်)တို့၏မြေး၊ (ဦးချစ်လှိုင်)-ဒေါ်ဝင်းမြင့်တို့၏ သားထွေး၊ ဦးစောလှထွန်း - ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်တင့်-ဒေါ်နီနီမာ၊ ဦးကျော်မြင့်-ဒေါ်ချော၊ ဦးချစ်သောင်၊ ဒေါ်မြင့်မြင့်ချို၊ ဦးကျော်ဆင့်-ဒေါ်ညွန့်စိန်၊ ဦးသိန်းအောင်-ဒေါ်မြင့်မြင့်လှိုင်တို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်ထွေး၏ အစ်ကို၊ တူ၊ တူမ ၂၃ယောက်တို့၏ဦးလေးသည် ၁၅-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၄:၅၅နာရီတွင် ၎င်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ နံနက် ၁၀:၃၀နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်သောင်းထက်(ခ)ဖိုးထက်
အသက်(၃၀)

(ဦးကျင်ပွ-ဒေါ်စောကြွေ)၊ (ဦးမောင်ထွန်း-ဒေါ်အုန်းမြ)တို့၏ မြေး၊ တိုက်(၄၆)၊ အခန်း(၆)၊ နဝဒေးရိပ်သာ၊ ဗဟန်းမြို့နယ်နေ အရာခံဗိုလ်မောင်တိုး(ကကကြည်း၊ စစ်ဆင်ရေး)၊ ဒေါ်တင်စိန်တို့၏ ချစ်လှစွာသောသားကြီး၊ မငြိမ်းငြိမ်း၊ မနှင်းသူဝေတို့၏အစ်ကိုသည် ၁၇-၂-၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ကန်ဒါယကာကြီး
ဦးကျော်ဝင်း (၇၉)နှစ်
ကုန်သည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၅၆/၅၈)နေဒေါ်မဦးညို၏ခင်ပွန်း၊(ဒေါ်ဦးယဉ်သာ)-ဦးကျော်ဖြူ၊ အမှုဆောင်အဖွဲ့ဝင် ဒေါ်ငွေခိုင်၊ ဒေါ်ရွှေနုခိုင်-ဦးကျော်ဇော အောင်၊ ဒေါ်သိန်းနုခိုင်၊ ဦးသိန်းကျော်-ဒေါ်မေသန်းကြည်၊ ဦးသိန်းရွှေ-ဒေါ်ခိုင်နှင်းဝေ၊ ဦးသိန်းအောင်-ဒေါ်နီနီထွန်း၊ ဒေါ်ထွေးထွေးခိုင် - ဗိုလ်ကြီးဇော်ဝင်းတို့၏ ဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုး၊ မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်အသင်းဝင် ဦးကျော်ဝင်းသည် ၁၄-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဒေါ်ခင်မေ (၇၉)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ တိုက်(၁၀)၊ အခန်း(၆၂)၊ ပြည်ရိပ်မွန်အိမ်ရာနေ (ဦးဘအုံး-ဒေါ်သိန်းခင်)တို့၏ သမီး၊ ဦးတင်ဦး(ညွှန်မှူး၊ ငြိမ်း၊ မြန်မာ့အသံ)၏ ဇနီး၊ ဦးကျော်မြင့်-ဒေါ်တင်တင်ရီ၊ ဦးစိန်အေး-ဒေါ်မြမြဦး(ရွှေမြစ်ဆုံ-သ/မ)၊ ဦးခင်အောင်မြင့်(စက်မှု-၂၊ EF)-ဒေါ်အေးအေးမြင့်(DBE-1)၊ ဦးသောင်းထွန်း(စက်ရုံမှူး၊ ရေတာရှည်သကြားစက်)-ဒေါ်လဲ့လဲ့ဦး(အလက-၁၊ လမ်းမတော်)၊ (ဦးတင်လှ MA, English)-ဒေါ်ခင်ဆွေဦးတို့၏ မိခင်၊ ဒေါ်ခင်မေသည် ၁၆-၂-၂၀၀၄ (တနင်္လာနေ့) နံနက် ၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေ (၇၉)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ တိုက်(၁၀)၊ အခန်း(၆၂)၊ ပြည်ရိပ်မွန်အိမ်ရာနေ (ဦးတင်ဦး၊ ညွှန်မှူး၊ ငြိမ်း၊ မြန်မာ့အသံ)၏ ဇနီး၊ ဦးဇော်မင်း(ရေသန့်/မြို့တော်စည်ပင်) - ဒေါ်ခိုင်မေစိုး၊ ဦးကျော်ကျော်ဦး၊ ဦးမိုးဇော်အောင်-ဒေါ်မျိုးမြတ်စန္ဒာကျော်(Traders Hotel)၊ (ဦးမျိုးသူရ)၊ ဦးအောင်ဇော်လင်း(EAC) - ဒေါ်လဲလဲထွေး၊ မဝါဝါကျော်(World Bridge Services Ltd)၊ ကိုစိုးနိုင်ဦး၊ ဇော်ထက်အောင်(Traders Hotel)၊ သက်လင်းလဲ့လဲ့ထွန်းတို့၏ အဘွား၊ မဆုရည်ဖြိုး(အထက-၂၊လသာ)၊ ဖိုးသားနှင့် မမတို့၏အဘွား ဒေါ်ခင်မေသည် ၁၆-၂-၂၀၀၄ (တနင်္လာနေ့) နံနက် ၅နာရီတွင် ဗဟိုစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟာမက်ရဖီး(ခ)ဦးတင်ငွေ
အသက်(၆၁)နှစ်
အင်ဂျင်နီယာ (ငြိမ်း)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ်(၂၂၂)နေ ဆရာကြီး(ဦးအလီ-ဒေါ်ခင်ရွှေ)တို့၏ သား၊ ဒေါ်ခင်စန်း၏ ခင်ပွန်း၊ (ဦးတင်လှ)-ဒေါ်နှင်းကြည်တို့၏ ညီ/မောင်၊ ဦးလှတင်၊ ဦးခင်မောင်လေး၊ (မကြည်)၊ ဦးမောင်မောင်ဦး-ဒေါ်ဖြူဖြူစိန်၊ ဦးတင်အောင်-ဒေါ်မြင့်မြင့်မော်၊ ကိုတင်အောင်(ချည်ဆိုင်၊ ၂၅လမ်း)၊ ဦးမီးရား-ဒေါ်စိန်စိန်အေး၊ ဦးစိန်ဝင်း၊ ဦးအေးမောင်(နှစ်သုံးလုံးအခွေငှားဆိုင်)တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၁၄-၂-၂၀၀၄(စနေနေ့)တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ယင်းနေ့ဇဟိုနမာဇ်အပြီးဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဆင့် (၅၁)နှစ်
(ရေကျော်)

အမှတ်(၇၀)၊ ရေကျော်လမ်းမကြီးနေ ဦးငြိမ်း-ဒေါ်ခင်ကြိုင်တို့၏ သားကြီး၊ (ဦးတင်-ဒေါ်လှိုင်)တို့၏ သားသမက်၊ (ဦးဝင်းမြင့်)-ဒေါ်သန်းမြင့်၊ ဦးဇော်မြင့် (ဦးစီးအရာရှိ၊ သစ်တော)-ဒေါ်ခင်ပြုံးပြုံးရီ၊ ဦးဝင်းဆွေ(ဆ/မ၊ တဆရ-၁)-ဒေါ်ခင်ဌေးဌေးရီ၊ ဦးမြင့်ဦးညိမ်း၊ ဦးမျိုးသန့်ငြိမ်း-ဒေါ်ဖြူဖြူဝင်းတို့၏ အစ်ကို၊ ဒေါ်ခင်စောဝေ(မတူး)၏ ခင်ပွန်း၊ မောင်ကျော်စံထူး (တ-ဥပဒေ)၊ မောင်ကျော်ဇေထက် (ပ-ဘူမိဗေဒ)၊ ကျော်ညီညီ(IX-A၊ ဗိုလ်တထောင်-၃)တို့၏ မွေးသဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ ဘကြီးသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) ညနေတွင် အောင်လံမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ယူစောလျံ(ခ)ဒေါ်အေး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊(၈)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၃၃)၊ ပထပ်နေ (ဦးတန်ချောကောင်း)၏ဇနီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၂၂) မြေညီထပ်နေ ဦးမောင်မောင်ခိုင်-ဒေါ်ကြည်ကြည်မြ၊ (ဦးမောင်မောင်ခိုင် မိသားစုပွဲရုံ၊ စ/၅၃၊ စိန်ပန်းလမ်း၊ ဘုရင့် နောင်ပွဲရုံတန်း)၊ ဦးစံမြင့်(ခ)ဦးလှိုင်ဝင်း-ဒေါ်အေးကြည်၊ ဦးသန်းလှိုင်-ဒေါ်ခင်စန်းရီ၊ ဒေါ်သန်းသန်းမေ-ဦးကျော်လွင်၊ ဒေါ်သန်းသန်းခင်-ဦးစိုးမြင့်၊ ဒေါ်သန်းသန်းစိန်-ဦးတင်အုန်း(ထိုက်စံငရုတ်သီးဆိုင်၊ ညောင်ပင်လေးဈေး)တို့၏ မွေးသမိခင်၊ မြေး ၁၉ယောက်၏ အဘွား၊ မြစ်တစ်ယောက်၏ ဘေးမ ဒေါ်ယူစောလျံ(ခ)ဒေါ်အေးသည် ၁၆-၂-၂၀၀၄ရက် ညနေ ၄:၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျင်ဝှက်
အသက်(၇၇)နှစ်
(ထနီး)

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၁၀၄)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်းနေ (ဦးလူဝါး-ဒေါ်ကျင်မွေး)တို့၏သားကြီး၊ ဒေါ်ရီရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း(သံချေး)၊ ဦးခင်မောင်ဦး - ဒေါ်သန်းသန်းမြင့်၊ ဒေါ်ကျင်အေး၊ ဦးစိုးမြင့်-ဒေါ်တင်တင်အေး၊ ဒေါ်အေးအေးမြင့်၊ ဦးတင်ဝင်း-ဒေါ်ဝါဝါဆွေ၊ ဦးရဲမြင့်-နန်းပိုးဟွမ်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၇-၂-၂၀၀၄ရက် နံနက် ၀၀:၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်ခန်းမ(၁)မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အလုံနေအိမ်နှင့် မင်္ဂလာဒုံနေအိမ်တို့မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး
အသက်(၄၇)နှစ်
အကြီးတန်းစာရေး
ခရိုင်ကျန်းမာရေးဦးစီးဌာန
(သာယာဝတီ)

သာယာဝတီမြို့၊ ရွာကြီးကုန်းရပ်ကွက်နေ အငြိမ်းစား ကျောင်းဆရာကြီး ဦးဘိုးလူ-ဒေါ်ကြင်တို့၏သမီး၊ (ဦးထွန်းရှင်-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ဦးသန်းလွင်-ဒေါ်ပြုံးပြုံး၊ ဦးစိန်မင်း-ဒေါ်တင်မေကြိုင်၊ ဦးကြည်လွင်-ဒေါ်အုန်းလှ၊ ဦးအောင်နိုင်မိုး-ဒေါ်မြင့်မြင့်ဌေး၊ ဦးဌေးလွင်-ဒေါ်ညိုညို၊ ဦးရဲလွင်-ဒေါ်သန်းသန်းတို့၏ အစ်မ၊ ဦးလှဝင်း(လ/ထဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊ သာယာဝတီ)၏ ဇနီး၊ ဒုတိယဗိုလ် ငုဝါအေးယုဝင်း (တပ်မတော်ဆေးရုံကြီး၊ မိတ္ထီလာမြို့)၊ မောင်ပြည့်စုံဝင်းတို့၏မိခင်၊ တူ၊ တူမ ၂၃ယောက်တို့၏အဒေါ် ဒေါ်သန်းသန်းအေးသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၇:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့၊ ရွာကြီး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး
အသက်(၄၇)နှစ်
အကြီးတန်းစာရေး
ခရိုင်ကျန်းမာရေးဦးစီးဌာန
(သာယာဝတီ)

သာယာဝတီမြို့၊ ရွာကြီးကုန်းရပ်ကွက်နေ အငြိမ်းစားကျောင်းဆရာကြီး ဦးဘိုးလူ-ဒေါ်ကြင်တို့၏ သမီး၊ (ဦးထွန်းရှင်-ဒေါ်တင်လှ)တို့၏ သမီးချွေးမ၊ ဦးစိုးမြင့်-(ဒေါ်လှမြင့်)၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်စိန်၊ ဦးညွန့်လှိုင်-ဒေါ်ခင်တင့်၊ ဦးညွန့်မြိုင်-ဒေါ်ဖြူဖြူတို့၏ ညီမ၊ ဦးသိန်းငွေ-ဒေါ်ခင်အုန်း၊ ဒေါ်ယဉ်ယဉ်ကြည် (အရှေ့ပိုင်းဆေးရုံကြီး၊ ရန်ကုန်)၊ ကိုဇော်မြင့်-မမြင့်မြင့်အေးတို့၏ အစ်မ၊ ဦးလှဝင်း(လ/ထဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊ သာယာဝတီ)၏ဇနီး၊ ဒုတိယဗိုလ် ငုဝါအေးယုဝင်း(တပ်မတော်ဆေးရုံကြီး၊ မိတ္ထီလာမြို့)၊ မောင်ပြည့်စုံဝင်းတို့၏ မိခင်၊ တူ၊ တူမ ၂၃ယောက်တို့၏အဒေါ် ဒေါ်သန်းသန်းအေးသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့)နံနက်၇:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့၊ ရွာကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး
ဒေါ်တင်အောင် အသက်(၉၀)
(ပန်းတနော်မြို့နယ်)

အမှတ်(၄၉)၊ သစ်တောလမ်းနေ (ဦးစိုးကြွယ်)၏ ဇနီး၊ ဦးဇော်မွန်၊ ဦးဇော်မောင်-ဒေါ်အေးအေးသန်းတို့၏ မိခင်၊ ဦးသိန်းနိုင်ဦး(ရေယာဉ်ကိုယ်စားလှယ်)-ဒေါ်ယဉ်မွန်အေး (ACL/PIL Cntr Line)၊ဒေါ်လဲ့မွန်အေး(Y.U.F.LKorea) (E.Y.E Language Centre)၊ မောင်သူရဇော်အေး၊ မောင်ပြည့်ဖြိုးကျော် (V၊ အထက-၆၊ အလုံ)၊ မအေးသီရိမော် (KG၊ အထက-၃၊ အလုံ)တို့၏အဘွားသည် ၁၇-၂-၂၀၀၄ရက် ညနေ ၄:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဒိုးလုံး (၇၁)နှစ်
ကျောက်ပန်းတောင်း(အိမ်အို)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ရန်ပြေ(၃)လမ်း၊ အမှတ်(၈၇၇)နေ ဒေါ်ခင်စော၏ ခင်ပွန်း၊ ဦးသောင်းတင်-ဒေါ်ဝိုင်းကြည်တို့၏ မောင်၊ ဦးအောင်နိုင်(မြန်မာ့အလင်း)-ဒေါ်အုံး၊ ဦးမန်းရှင်တို့၏ အစ်ကို၊ ဦးပေတိုး-ဒေါ်တင်ရှိန်၊ ဦးအေးသန်း-ဒေါ်မြမူ၊ ဦးထွန်းဝင်း-ဒေါ်တင်ညို၊ ကိုညွန့်ဝင်း၊ ဦးခင်မောင်သိန်း-ဒေါ်တင်တင်စိန်တို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်သောင်း(၆၁)နှစ်
မုံရွာမြို့နယ်၊ သမဝါယမဦးစီးဌာန
(အငြိမ်းစား)

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အမှတ်(၄)လမ်းနေ ဒေါ်အုန်းစိန်၏ ခင်ပွန်း၊ ဦးအောင်သောင်း(အငြိမ်းစား) မုံရွာမြို့နယ်၊ သမဝါယမဦးစီးဌာန စာရင်းစစ်အဖွဲ့ခေါင်းဆောင်၊ ရာပြည့်အဆင့်မြင့်ငွေစုငွေချေး သမဝါယမအသင်းလီမိတက် စာရင်းစစ်အဖွဲ့ဝင်၊ ရွှေဇီးကွက်အဆင့်မြင့်အထွေထွေစီးပွားရေးဝန်ဆောင်မှုသမဝါယမအသင်း လီမိတက်သည် ၁၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက်တွင် နေအိမ်မှ မုံရွာ တောင်ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးပါကြောင်း။

ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးငမ်ခိုလွန်း
အသက်(၆၀)

အမှတ်(၆၂-၈)၊ အောင်မေတ္တာလမ်း၊ ပိတောက်မြိုင်ရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်နေ (ဦးKhom Hau၊ ဒေါ်Pha Ncm)တို့၏ သားငယ်၊ စစ်ကိုင်းတိုင်း၊ တမူးမြို့၊ နန်းဖာလုံရပ်ကွက်နေ ဦးSo Let၏ ညီ၊ ဒေါ်ကျင်ခိုနင်၏ ချစ်လှစွာသော ခင်ပွန်း၊ မငိုင်နင်၊ မနှင်းဒေဝီ၊ ကိုအောင်ပဏ်း(ဟော်ရိုမန်း)၊ မနင်မ်နေလင်း၊ ကိုစိုးမင်းသန်း၊ ကိုအောင်ကိုလတ်၊ မလင်းဝါ၊ မခေါ်ဌေး(ဒု-နှစ်၊ သမိုင်း)၊ မနှင်းဝေ (G.T.C 1[st] yr)၊ မငိုက်လွန်း(စိုးစံဘော်ဒါ၊ ပြင်ဦးလွင်)၊ မရိုန်းဇာလှိုင် (အလက-၁၂၊ အင်းစိန်)တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၁၆-၂-၂၀၀၄ ရက် ည ၁၁နာရီတွင် ပြင်ဦးလွင်ခြံနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းသန်း (၄၈)နှစ်
မထသ၊ ဌာနခွဲ(၇)

(ဦးသန်းတင်-ဒေါ်ခင်တီ)တို့၏သား၊ ဦးကျော်သိန်း-ဒေါ်တင်လှတို့၏ သားသမက်၊ ဦးတင်ဝင်း-ဒေါ်ခင်မြိုင်၊ (ဦးခင်မောင်)တို့၏ ညီ၊ ဦးသင့်ထွဋ်-ဒေါ်ခင်သန်းဝင်း၊ ဦးသန်းထွေး-ဒေါ်အေးအေးသန်းတို့၏ အစ်ကို၊ မဟန်နီဝင်းသန်း၊ မောင်မြင့်မြတ်တို့၏ ဖခင်၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီး၊ အောင်မင်္ဂလာ(၂)လမ်းနေ ဒေါ်ရီရီခိုင်၏ ခင်ပွန်းသည်၁၆-၂-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂:၁၅နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တဝါယမဗောဓိသိဒ္ဓိမဟာထေရ်
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၉၀)
အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း

ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝါယမဗောဓိသိဒ္ဓိမဟာထေရ်မြတ်သည် (၁၃၆၅ခု၊ တပို့တွဲလပြည့်ကျော် ၁၂ရက်)၊ ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁:၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၂၃-၂-၂၀၀၄ ညနေ ၃နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း၌ အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဂေါပကအဖွဲ့နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကောင်အချွန်(ခ)ဒေါ်ချို
အသက်(၈၅)နှစ်
(ဝါးခယ်မ)

ရန်ကုန်မြို့၊ အမှတ်(၉၆)၊ (၂၃)လမ်း၊ လေးထပ်၊ လသာမြို့နယ်နေ (ဦးကောင်ခိခွင်-ဒေါ်ယူစိမ့်မွေ့)တို့၏ သမီးကြီး၊ ဦးလင်ဘွန်ဖန်(ခ)ဦးဝင်း၏ဇနီး၊ ဦးခင်မောင်မြင့်-(ဒေါ်မြစန်းရှင်)၊ ဒေါ်စမ်းစမ်းဝင်း(ခ)လင်ဒီလင်း(မြို့ပြ-၂၊ အိုးအိမ်)၊ လင်ကင်ကြူ(ခ)ဒေါ်ရစ်လင်း၊ လင်ကင်မွေး(ခ)စင်ဒီလင်း၊ လင်ကင်ဆွေ(ခ) ခင်ခင်ဝင်း၊ ဦးမျိုးဝင်း(ခ)ဦးမျိုးထွန်း(ဒါရိုက်တာKMT Group Limited ရွှေကျားကြီးကုမ္ပဏီလီမိတက်)နှင့် လင်ကင်ရီ(ခ)ရီရီဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်၊ မကြည်ကြည်လွင်နှင့် မောင်ဇော်မြင့်ဦးတို့၏ ချစ်လှစွာသော အဘွား ဒေါ်ကောင်အချွန်(ခ)ဒေါ်ချိုသည် အမှတ်(၂၅)၊ ဂန္ဓမာလမ်း၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ရာ၊ (ယုဇနပလာဇာအနီး)၊ တာမွေနေအိမ်တွင် ၁၇-၂-၂၀၀၄ရက် ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်း၊နတ်လမ်း၊ ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်ခင်လှ (၇၇)နှစ်
(ဒါးပိန်)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ မင်းကြီးရုံပိုင်းနေ (ဦးမောင်သင်-ဒေါ်စောမြ)တို့၏ သမီး၊ (ဦးဘိုးလွင်-ဒေါ်အေးမျှင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးတင်ဝင်း-ဒေါ်ခင်ရွှေ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးအေးလှိုင်)-ဒေါ်လှလှအုန်း၊ ဒါးပိန်မြို့နေ ဦးမောင်မောင်လှ-ဒေါ်ခင်စန်းရွှေ၊ ဒေါ်တင့်တင့်ရွှေ၊ ဦးအောင်သန်း-ဒေါ်ညွန့်ညွန့်ဌေး၊ ရန်ကုန်မြို့၊ ကျောက်မြောင်းနေ ဦးတင်ထွန်း-ဒေါ်ခင်ခင်စိုး၊ ဒါးပိန်မြို့နေ ဦးအေးထွန်း-ဒေါ်စန်းစန်းမြိုင်၊ မယဉ်ယဉ်ဆွေ၊ ကိုအောင်ဇော်ဦး၊ မစန်းစန်းထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၁၇ယောက်တို့၏အဘွား၊ ဦးအောင်ပိုး၏ဇနီးသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ (ကြာသပတေးနေ့)တွင် ဒါးပိန်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ဇရပ်ဒါယကာ
ဦးကံတင် (၇၅)နှစ်
မလှိုင်(မကျီးပင်ပု)

မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၁၈)နေ (ဦးရာကံ-ဒေါ်ကြည်)တို့၏ သား၊ (ဦးသိန်း-ဒေါ်တိုး)တို့၏ သားသမက်၊ ဦးချစ်လှိုင်-ဒေါ်အုံးကြည်၊ ဒေါ်မြသန်းတို့၏ ညီ/မောင်၊ ဒေါ်တင်သန်း၏ခင်ပွန်း၊ ဒုဗိုလ်မှူးကြီး သန့်ဇင်အုံး (စစ်တက္ကသိုလ်)-ဒေါ်ဝင်းမာ၊ ဦးဝင်းတင့်-ဒေါ်စုစုတင်၊ ဗိုလ်ကြီးအောင်ကျော်ဆန်း(ထပရ-၉၃၄) - ဒေါ်နီနီတင်၊ ဗိုလ်မှူးဝင်းတင့်(ခမရ-၅၀၃)-ဒေါ်စီစီတင်၊ ဦးခင်မောင်အေး-ဒေါ်မြမြခိုင်၊ ဦးတင်ထွန်းဆိုင် - ဒေါ်မြင့်မြင့်ခိုင်၊ ဦးမင်းရန်နိုင်စိုး-ဒေါ်အေးမြငြိမ်း၊ဦးအောင်မျိုးမင်းတို့၏ဖခင်၊မြေး၁၄ယောက်တို့၏ အဘိုးသည် ၁၆-၂-၂၀၀၄(တနင်္လာနေ့) ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်အေး (၆၅)နှစ်

(ဦးထွန်းရွှေ-ဒေါ်စန်းရွှေ) တို့၏ သမီး၊ (ဦးပိုက်)၏ဇနီး၊ ဦးခင်မြင့်-ဒေါ်တင်တင်မြင့်တို့၏ အစ်မ၊ ကိုမြင့်သိန်း-မသန်းသန်းအေး၊ ကိုမောင်မောင်သန့်-မခင်ခင်အေး(အမက-၃၊ မင်္ဂလာဒုံ)၊ ကိုသိန်းဝင်း(အိုးအိမ်)၊ တကကသန်းဝင်း(မှတ်တမ်းရုံး)၊ ကိုသိုက်ထွန်းအောင်-မညွန့်ညွန့်စိန်၊ ကိုဇော်ဝင်း၊ ကိုအေးလွင်-မမြင့်မြင့်လှိုင်၊ ကိုတင်ဆန်း-မတင်တင်လှိုင်၊ မကြည်ကြည်လှိုင်တို့၏မိခင်၊ မြေး၁၄ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) နံနက်၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၄၄)၊ မဟော်သဓာ(၄)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ငွေရင်(၈၄)နှစ်

ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော် နာယူမည်ဖြစ်ပါ၍ စမ်းချောင်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၅-၂-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သည့် Isaac ရဲထွဋ်သန်း(B.A) မကျန်းမာစဉ်နှင့် ဈာပနကိစ္စအဝဝတွင် ချစ်ခြင်းမေတ္တာပြသလျက် ကူညီပံ့ပိုးခဲ့ကြသော မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ်နှင့် အနားယူသာသနာပိုင်ချုပ်၊ ဂရုတစိုက် ကုသပေးခဲ့ကြသော အသင်းတော်မှမိတ်ဆွေဆရာဝန်သမားတော်ကြီးများ၊ မန္တလေးဆေးရုံကြီးခုတင် ၃၀၀ဆံ့ ဆေးရုံ၊ မိတ္ထီလာဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် သူငယ်ချင်းဆရာဝန်များ၊ ပြည်တွင်း၊ပြည်ပမှ ဆုတောင်းပေးခြင်း၊ ကြေးနန်းဖြင့် အားပေးနှစ်သိမ့်ခြင်းနှင့် ပန်းခြင်းပေးပို့ခြင်းတို့ဖြင့် မေတ္တာပြသခဲ့ကြသည့်သာသနာပိုင်များ၊ ဘုန်းတော်ကြီးများ၊ဂိုဏ်းဂဏအသီးသီးမှဆရာတော်ကြီးများ၊ အသင်းသူ၊ အသင်းသားများနှင့် ကျေးဇူးတင်ထိုက်သူ မိတ်ဆွေသင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နှင်းလွင် (၄၇)နှစ်

ပေါင်းတည်မြို့နယ်၊ သဖန်းကုန်းနေ (ဦးသန်းလွင်)-ဒေါ်တင်ဦးတို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၅၃)၊ အခန်း(၂၃)နေ ဦးဟုတ်မော်-ဒေါ်ကြင်နုတို့၏ သမီးချွေးမ၊ ဦးလှမိုး၏ဇနီး၊ မနှင်းရည်မိုး(အထက-၃၊ မင်္ဂလာတောင်ညွန့်မြို့နယ်)၊ မမေနှင်းမိုး(အထက-၃၊ မင်္ဂလာတောင်ညွန့်)တို့၏ မွေးသမိခင်သည် ၁၇-၂-၂၀၀၄ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄ရက် ညနေ ၃နာရီ ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဖဆပလနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၅၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ဖေဖော်ဝါရီ ၁၅ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာများကို မြန်မာ့အသံက ထုတ်လွှင့်ရန် စီစဉ်ထားပြီးဖြစ်သည်။

ထိုသို့ထုတ်လွှင့်ရာ၌ ဖေဖော်ဝါရီ ၂၀ရက်နှင့် ၂၉ရက်တို့တွင် စိတ်ကြိုက် မြန်မာစာ၊ ဖေဖော်ဝါရီ ၂၁ရက်နှင့် မတ် ၁ရက်တို့တွင် ဘောဂဗေဒ၊ ဖေဖော်ဝါရီ ၂၂ရက်နှင့် မတ် ၂ရက်တို့တွင် ပထဝီဝင်၊ ဖေဖော်ဝါရီ ၂၃ရက်နှင့် မတ် ၃ရက်တို့တွင် ဇီဝဗေဒနှင့်သမိုင်း၊ ဖေဖော်ဝါရီ ၂၄ရက်နှင့်မတ် ၄ရက်တို့တွင် ရူပဗေဒ၊ ဖေဖော်ဝါရီ ၂၅ရက်နှင့် မတ် ၅ရက်တို့တွင် ဓာတုဗေဒ၊ ဖေဖော်ဝါရီ ၂၆ရက်နှင့်မတ် ၆ရက်တို့တွင် သင်္ချာ၊ ဖေဖော်ဝါရီ ၂၇ရက်နှင့် မတ် ၇ရက်တို့တွင် အင်္ဂလိပ်စာ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာသို့ ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွှေမာလာဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေအင်ကြင်းရိပ်မွန် အိမ်ရာမှ အိမ်ခန်းများ ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်ပွဲကျင်းပ

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေမာလာ ဆောက်လုပ်ရေးက တည်ဆောက်ခဲ့သည့် ရွှေအင်ကြင်းရိပ်မွန် အိမ်ရာဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ရွှေအင်ကြင်းရိပ်မွန် အိမ်ရာစီမံကိန်း၌ ကျင်းပရာ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးကောင်းမြို့နယ် လွယ်လီယံတံတားနှင့် မိုးညှင်းမြို့နယ် မိုးညှင်းတံတား ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီး-တနိုင်းလမ်းပေါ်ရှိ လွယ်လီယံတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီ၁၀မိနစ်တွင် အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် တံတားဖွင့်ပွဲကျင်းပမည့် မင်္ဂလာမုခ်ဦး၌ နေရာယူကြပြီး မင်္ဂလာအချိန် နံနက် ၈နာရီ ၁၀မိနစ်တွင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲